# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ စနေနေ့။ Saturday, 13 January 2024 ၁၁၃၃၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

## နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee နှင့် ယနေ့ညနေပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**ရန်ကုန်- ဒလတံတားစီမံကိန်းကြောင့် ဒလတွင် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ဖြစ်**

စာမျက်နှာ » ၃

**ပါကစ္စတန်နိုင်ငံအား အသိပညာအခြေခံသည့် စီးပွားရေးနိုင်ငံဖြစ်လာရေး ပြင်ဆင်နေသည်ဟု ဝန်ကြီးချုပ်ပြောကြား**

စာမျက်နှာ » ၁၃



ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထူးစီးပွားရေးဇုန်များကို အဓိကအားထားအကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများရရှိနေသည်ကို မြင်တွေ့ရသည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အဖြစ် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်မှာ အောင်မြင်လျက်ရှိပြီး ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးကို နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှု နိုင်ငံပေါင်း ၂၁ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၁၄ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံအထိ ရှိခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ ပထမတစ်နှစ်တာ ခန့်မှန်းအလုပ်အကိုင်ဖန်တီးနိုင်မှုအခြေအနေမှာ အလုပ်သမား ၃၇၀၀၀ ကျော်နှင့် ပြည်ပပညာရှင်၊ ပြည်ပအလုပ်သမား ၈၈၇ ဦး ရှိခဲ့သော်လည်း အလုပ်အကိုင်ဖန်တီးနိုင်မှုအရေအတွက် နည်းပါးသေးသည်ဟု ဆိုနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုများ အသစ်ထပ်မံတိုးပွားလာမှုအပေါ်မူတည်၍ ပညာရှင်များနှင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေး တိုးတက်လာမည်ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ပို့ကုန်/ သွင်းကုန်လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများနှင့်ပေါင်းစပ်၍ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း MSME လုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းများနှင့် ပြည်တွင်းထုတ်ကုန်များ၏ အခြားသောပစ္စည်းများကို မြန်မာကျပ်ငွေ ၁ ဒသမ ၃ ဘီလီယံကျော်တင်ပို့နိုင်ခဲ့သည်။ MSME လုပ်ငန်းများမှ ထွက်ရှိသည့် ပြည်တွင်းထုတ်ကုန်ကြမ်းများနှင့် အခြားသောပစ္စည်းများကို ယခုထက် ပိုမိုတင်ပို့နိုင်ရန်နှင့် မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေရရှိရေး ထုတ်ကုန်အရည်အသွေးပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ၂၀၂၁ ခုနှစ်တွင် စီမံခန့်ခွဲမှုကော်မတီအသစ်ပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတော်အကျိုးစီးပွားကို အဓိကထားပြီး တင်းကျပ်စွာဆောင်ရွက်ခဲ့သည့်အတွက် နှစ်နှစ်တာကာလအတွင်း အခက်အခဲများနှင့်ကြုံတွေ့ခဲ့ရသည်။ ထို့နောက် လုပ်ငန်းကော်မတီဦးဆောင်၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်မှုကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်စီမံကိန်း လုပ်ကိုင်ခွင့်သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ လက်မှတ်ရေးထိုးပြီးနောက် သက်တမ်းတိုးကာလအတွင်း လုပ်ဆောင်ရမည်များကို တစ်ဆင့်ပြီးတစ်ဆင့် မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်မည်ဆိုပါက အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း တာဝန်ပေးထားသည့် အီတာလျံ-ထိုင်းကုမ္ပဏီက အကြောင်းအမျိုးမျိုးကြောင့် ရှေ့ဆက်မတိုးနိုင်ဘဲ လုပ်ငန်းများ ရပ်စဲထားရသည်။ ဆက်လက်ပြီး ဆောင်ရွက်ရမည့်အနေအထားများရှိသော်လည်း ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိပြီး စိတ်ဝင်စား၍ ပြန်လည်ဆက်သွယ်မှုများ ရှိနေကြောင်းသိရသည်။ ထိုင်းနိုင်ငံ၏ လက်ရှိအစိုးရမူဝါဒဖြင့် ထိုင်းနိုင်ငံအရှေ့ပိုင်းပြည်နယ်တွင် အထူးစီးပွားရေးဇုန်ထူထောင်ပြီး အရှေ့စီးပွားရေးစင်္ကြံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာအောင် ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အထူးစီးပွားရေးဇုန်များတွင် ရှိပြီးသားရင်းနှီးမြှုပ်နှံမှုများကို လျော့ကျမသွားအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပြီး တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ အသစ်ဝင်ရောက်လာအောင် နည်းလမ်းအမျိုးမျိုးဖြင့် ဆွဲဆောင်စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြည်တွင်း MSME လုပ်ငန်းများလည်း အထူးစီးပွားရေးဇုန်များနှင့်ဆက်နွှယ်ကာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အရည်အသွေးမြင့်မားသော ပြည်ပပို့ကုန်များကို တိုးတက်တင်ပို့၍ နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်လာအောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ အထူးစီးပွားရေးဇုန်စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များရှိနေသဖြင့် အထူးစီးပွားရေးဇုန်လုပ်ငန်းများ အကောင်အထည်ပေါ်လာအောင် ပြုပြင်ပြောင်းလဲ၍ အကောင်းဆုံးဆောင်ရွက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဦးကျော်စိုးမင်း အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်စိုးမင်း အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## နှစ်စဉ်ကျင်းပသည့် Study in Japan Fair 2024 အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန်)ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် Study in Japan Fair ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ အွန်လိုင်းမှတစ်ဆင့် ကျင်းပသွားမည်ဖြစ်ရာ ပါဝင်တက်ရောက်လိုသူများသည် Registration Link: https://docs.google.com/.../1FAIpQLSc3b0lD1ku3s5.../viewform တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

Study in Japan Fair 2024 တွင် ဂျပန်နိုင်ငံ၏တက္ကသိုလ် ၃၉ ခု၊ သက်မွေးပညာသင်ကောလိပ် တစ်ခု၊ ဂျပန်ဘာသာစကားကျောင်း လေးကျောင်း စသည့်ပညာရေးအဖွဲ့အစည်း ၄၄ ခု တို့ပါဝင်မည်ဖြစ်သည် ။

Online Study in Japan Fair တွင်ပါဝင်သည့် ကျောင်းတစ်ကျောင်းချင်းစီက မိတ်ဆက်ခြင်း၊ ဝင်ခွင့်စာမေးပွဲနှင့် ပညာသင်ဆု အချက်အလက်များအပြင် အခြားဂျပန်ပညာတော်သင်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို Special website: https://www.okayama-u.ac.jp/user/asean/2024.html မှတစ်ဆင့် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် မိမိစိတ်ဝင်စားသည့်ကျောင်း၏ Zoom Group Consultation ကိုတက်ရောက်ပြီး သက်ဆိုင်ရာကျောင်း တာဝန်ရှိသူနှင့် အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ဆွေးနွေးနိုင်မည်ဖြစ်သည်။

ဂျပန်ပညာတော်သင်ကိုစိတ်ဝင်စားသည့် လူငယ်များအတွက် အခွင့်အရေးကောင်းဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

## လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံးဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Bestune Nat အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Paragon Machinery Power Group Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dayun Yuehu S1 (VIP Version) အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် NCX Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Wuyaung Honda အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၅၂ | ၂,၁၉၂,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၅၄၅ | ၁,၅၄၅,၇၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁ | ၇,၉၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၆၂ | ၂၄၃,၃၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၅၀ | ၃၇၅,၀၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၁,၀၄၁ | ၂,၀၂၉,၉၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၅ | ၂၃,၅၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၁,၀၀၇ | ၁,၇၁၉,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee နှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

○ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ Air Chief Marshal Chakorn Tawanjang နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့အဆင်ပြေစေရေးအတွက် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ၊ တပ်မတော်နှစ်ရပ်အကြား လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အထူးသဖြင့် နှစ်နိုင်ငံနယ်စပ် မြဝတီမြို့အနီး၌ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုနှင့်အကူအညီပေးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား သာမက နှစ်နိုင်ငံ ဝန်ကြီးဌာနများ အချင်းချင်းလည်း တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ နယ်စပ်ဒေသများ၌ တောမီးလောင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဆိုင်ရာ ပူးပေါင်းကာကွယ် တားဆီးရေး ဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော် နယ်ပယ် ပူးပေါင်း နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

> ❖ **မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အထူးသဖြင့် နှစ်နိုင်ငံနယ်စပ် မြဝတီမြို့အနီး၌ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမည့် အခြေအနေများ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

**သတင်းစဉ်**

## ရန်ကုန်- ဒလတံတားစီမံကိန်းကြောင့် ဒလတွင် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်- ဒလ တံတားစီမံကိန်းကြောင့် ဒလမြို့နယ်တွင် အိမ်ခြံမြေဈေးကွက်သည် အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများထံမှ သိရသည်။

ကိုရီးယား - မြန်မာ ချစ်ကြည်ရေး တံတားစီမံကိန်း တစ်ခုဖြစ်သည့် ရန်ကုန်-ဒလ တံတားစီမံကိန်းသည် လက်ရှိတွင် ထက်ဝက်ကျော် ပြီးစီးနေပြီဖြစ်ကာ အဆိုပါ စီမံကိန်းရလဒ်ကြောင့် ဒလရှိအိမ်ခြံမြေဈေးကွက်များမှာ သိန်းသောင်းနှင့်ချီ၍ ရောင်းအားနှင့် ဝယ်အားမြင့်တက်နေကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် အသိုင်းအဝိုင်းများကဆိုကြသည်။



"ဒလမှာ အိမ်ခြံမြေဈေးကွက်ကတော့ ဝယ်သူများတယ်။ ဈေးကလည်း အဆမတန်ကို မြင့်တက်နေတာ။ ဒလ တံတားစီမံကိန်းအမြန်ပြီးစီးနေတဲ့ အခြေအနေတွေလည်းပါတာပေါ့။ ဈေးက သိန်းတစ်သောင်း၊ နှစ်သောင်း ဝန်းကျင်လောက်နဲ့ကို အရောင်းအဝယ်ဖြစ်နေတယ်။ ပြီးတော့ လမ်းတွေဘာတွေလည်း ခင်းလိုက်တော့ လမ်းမဘက်ခြမ်းကပိုပြီး အရောင်းအဝယ်ဖြစ်နေတာပေါ့" ဟု ဒလမြို့ရှိ အိမ်ခြံမြေအကျိုးတော်ဆောင် လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူက ပြောသည်။

ဒလရှိမြေကွက်များသည် တစ်လထက်တစ်လ ဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ပြီး ယခင်က ကျပ်သိန်း ၈၀၀ ရှိသည့် မြေကွက်များမှာ လက်ရှိတွင် ကျပ်သိန်း ၁၀၀၀၀ အထိ ဈေးပေါက်နေကြောင်း မြို့ခံများက ပြောသည်။

ရန်ကုန်-ဒလ တံတားတည်ဆောက်မှု စီမံကိန်းကို ၂၀၂၄ ခုနှစ် ပထမပတ်တွင် အပြီး တည်ဆောက်ရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ တံတားပြီးစီးသွားပါက ရန်ကုန်မြို့မှတစ်ဆင့် ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

**သစ်တော်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးမှ ညောင်ဦးမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ကုသမှုပေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ အထူးကုဆရာဝန်များနှင့် သူနာပြုများပါဝင်သောအဖွဲ့သည် ညောင်ဦးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ကုသပေးလျက်ရှိသည်။

အဆိုပါအဖွဲ့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် -မန္တလေးမှ အဖွဲ့ဝင်ခုနစ်ဦး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်မှ အဖွဲ့ဝင်နှစ်ဦး၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ အဖွဲ့ဝင်တစ်ဦး၊ မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှ အဖွဲ့ဝင်သုံးဦး စုစုပေါင်းအဖွဲ့ဝင် ၁၃ ဦးတို့ ပူးပေါင်းပါဝင်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ၂၅ ဦးတို့ကို ညောင်ဦးပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသမှုပြုလုပ်ပေးပြီး အချိန်ယူခွဲစိတ်ကုသရမည့် လူနာများကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေးသို့ ခေါ်ယူ၍ ကုသပေးမည်ဖြစ်သည်။

ခွဲစိတ်ကုသမှုလုပ်ငန်းများနှင့် ခွဲစိတ်ပြီးလူနာများ စောင့်ရှောက်ကုသမှု လုပ်ငန်းများအား ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လိုအပ်သည်များကို အနီးကပ်ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးကျေးဇူးတော်ချီးမွမ်းပွဲ တက်ရောက်



**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မဏ္ဍယ်ခန်းမ၌ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်သစ်ကူး ကျေးဇူးတော်ချီးမွမ်းပွဲသို့ တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ ကျေးဇူးတော်ချီးမွမ်းပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ခဲ့ကြရာ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျေးဇူးတော်ချီးမွမ်းပွဲတွင် ကက်သလစ်အသင်းတော်မှ ဆရာတော်များ၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရဆရာများက အဖွင့်ကျမ်းစာဖတ်၍ ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က မိမိတို့အနေဖြင့် ယခု ၂၀၂၄ ခုနှစ် နှစ်သစ်ကို ကျန်းမာပျော်ရွှင်စွာ၊ ချစ်ခြင်းမေတ္တာနှင့်အတူ ငြိမ်းချမ်းစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ပြည်နယ်၊ မိမိတို့နိုင်ငံ တိုးတက်စေရေး တိုင်းရင်းသားအားလုံးက ချစ်ခင်ရင်းနှီးစွာ အတူတကွလက်တွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော်မှ ဆရာတော်များအနေဖြင့်လည်း ၂၀၂၄ ခုနှစ် နှစ်သစ်ကို ငြိမ်းချမ်းစွာ ဖြတ်သန်းနိုင်ရေး ဆုတောင်းမေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး စည်းလုံးညီညွတ်မှုဖြင့် အတူတကွ ပူးပေါင်းပါဝင်ကြရေး တိုက်တွန်းမှာကြားပြီး သိက္ခာတော်ရ ဆရာတော်က ဓမ္မဒေသနာတော် ဟောကြားခြင်း၊ ဓမ္မတေးသီချင်းများ သီဆိုဆက်ကပ်ခြင်းနှင့်ဆုတောင်းမေတ္တာပို့ ကောင်းချီးပေးဆုတောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တူ မြစ်ကြီးနားမြို့ စီတာပူ ရပ်ကွက်အတွင်းရှိ Grace Happy Land မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေး ကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်နှင့် ကလေးငယ်များအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံပြီး ၂၀၂၄ ခုနှစ် နှစ်သစ်တွင် ငြိမ်းချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း၊ ကလေးများအနေဖြင့်ပညာတတ်များဖြစ်အောင် သင်ကြားပြီး မိမိတို့နိုင်ငံ၊ မိမိတို့ပြည်နယ်၊ မိမိတို့ရပ်/ရွာကို အကျိုးပြုသောလူတော်၊ လူကောင်းများ ဖြစ်လာစေရန် ကြိုးစားကြရန်လိုကြောင်း အားပေး မှာကြားသည်။(ဓါတ်ပုံ)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးတို့က ကျောင်းအတွက်ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသားလေးများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကလေးများကို မုန့်များ ဝေငှကျွေးမွေးကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ အေးမြသာယာ ရပ်ကွက်အတွင်း မျက်မမြင် သင်တန်းကျောင်းသို့လည်း သွားရောက်ပြီး နှုတ်ဆက်အားပေးစကား ပြောကြားကာ မျက်မမြင် ကျောင်းအုပ်ကြီးထံ ထောက်ပံ့ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မိတ္ထီလာမြို့ ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ယူ၍ e-ID စနစ် လုပ်ငန်းဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ခရိုင်အတွင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းပူးပေါင်းကူညီဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မဲစာရင်းမှန်ကန်ရေး၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအောင်မြင်ရေးနှင့် ယင်းလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့်လုပ်ငန်းများဖြစ်သည့်အတွက် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပူးပေါင်း ကူညီဆောင်ရွက်ပေးနိုင်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စုပေါင်းရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းများ အခြေအနေနှင့် ရုံးစာရွက်စာတမ်းများ၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းအတွင်း၌ ဝန်ထမ်းများက မြို့နယ်ရုံးရှိ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ၊ နိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုစာရင်းပါ အချက်အလက်များကို နေပြည်တော်ရုံးချုပ်ရှိ e-ID Sever အတွင်းရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ် ဖြည့်သွင်းပြင်ဆင် အတည်ပြုခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ အဆိုပါကောလိပ်ရှိ ရတနာပုံခန်းမ၌ မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံး ဝန်ထမ်းများက ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးခြင်း၊ e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူခြင်းလုပ်ငန်းတို့ကို One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများအပေါ် တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး e-ID စနစ်နှင့် ပတ်သက်၍သိကောင်းစရာများကိုရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအနက်နိုင်ငံသားကတ်ပြားမရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးပြီး e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric)များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်းဆောင်ရွက်ပေးပြီး နိုင်ငံသားကတ်ရှိပြီးသူများအား Biographic နှင့် Biometric များ ကောက်ယူကာ e-ID စနစ်အတွက် ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းကို တစ်နေရာတည်းတွင် တစ်ပါတည်း ဆောင်ရွက်ပေးခြင်းဖြစ်ရာ နိုင်ငံသားကတ်မရှိသေးသူ ၁၂၀ ကို နိုင်ငံ သားကတ်ထုတ်ပေးခဲ့ပြီး နိုင်ငံသားကတ်ရှိပြီးသူ ၆၀ နှင့်အတူ စုစုပေါင်း ၁၈၀ ကို e-ID စနစ် ဆောင်ရွက်ပေးပြီး Unique ID နံပါတ်များ ထုတ်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးဒီဂရီကောလိပ်ခန်းမ၌ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကောလိပ်ခန်းမ၌ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို ရင်းနှီးချစ်ကြည်စွာဖြင့် လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အသင်းလိုက်ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရေဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၂**

"၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ် အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ် သူ/နည်းပြများနှင့် အားကစား သမားများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒို ပြိုင်ပွဲ အသင်းလိုက်ဗိုလ်လုပွဲစဉ် အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရေဝတီတိုင်းဒေသကြီးအသင်း တို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း က (၅၂)ကီလိုတန်းအောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိ ကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် သည်။

ယင်းနောက်ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဇင်မင်းထက်၊ ဦးမျိုးလှိုင်၊ ဒေါက်တာမျိုးသန့်၊ ဦးမြင့်စိုးနှင့် ဦးအောင်ကျော်ထွန်း တို့က (၆၆)ကီလိုတန်းအောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ (၅၇)ကီလိုတန်းအောက်အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူ များကို လည်းကောင်း၊ (၇၃)ကီလို တန်းအောက်အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ (၆၃)ကီလိုတန်း အောက် အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ (၇၃)ကီလိုတန်း အထက် အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ် နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင် နှင့် ဦးမင်းသိန်းဇံတို့က (၆၃)ကီလိုတန်း အထက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ အမျိုးသမီး "ခတ" ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် နှင့် ဦးရွှေကြိမ်းတို့က အမျိုးသား "ခတ"ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ နှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ အမျိုးသား/ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသမီး အကောင်းဆုံး အားကစားသမား ဆုနှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆု ရရှိကြသူ များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် သည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီး တံခွန်စိုက်ဆုဖလားနှင့် အမျိုးသား တံခွန်စိုက်ဆုဖလား ရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန် စိုက်ဆုဖလား ပေးအပ်ချီးမြှင့် သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ပိုးရယ် အောင်သိန်းက စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ကချင်ပြည်နယ် အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို မျိုးဆက်သစ် အားကစားသမား များ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့် အတန်း တိုးတက်မြင့်မားလာစေ ရန်ရည်ရွယ်၍ အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း အားကစားသမားအင်အား စုစုပေါင်း ၂၆၆ ဦးဖြင့် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်စဉ်။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား) က ယခင်က အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တစ်ကြိမ် ထောက်ပံ့ပေးခဲ့ပြီး ယခု ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တိုးမြှင့်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးယုလွင်(အငြိမ်းစား) ထံသို့ ထောက်ပံ့ ငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အငြိမ်းစားတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အသက် ၈၀ နှင့်အထက် စစ်မှုထမ်း ဟောင်းအဖွဲ့ဝင် ၄၇၈၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၃၉ ဒသမ ၀၅ သန်းကို ထောက်ပံ့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်တတ်မှု Critical Thinking ဆိုရာဝယ်

မောင်မောင်လင်း

> **Critical Thinking က ကိုယ့်ကိုယ်ကိုယ် နောက်ပြန်ဆွဲထားတဲ့ အတွေးအခေါ်တွေကနေ လွတ်မြောက်အောင်လည်း စွမ်းဆောင်ပေးနိုင်ပါတယ်။ Critical Thinking က ကိုယ့်ရဲ့အားသာချက်တွေနဲ့ အားနည်းချက်တွေကို သိအောင် လမ်းပြပေးတယ်၊ ကိုယ်ဘာတွေတိုးတက်အောင် လုပ်နိုင်သေးတယ်၊ ကိုယ့်မှာ ဘယ်လိုစွမ်းဆောင်နိုင်စွမ်းရှိတယ်ဆိုတာကို ပြပါတယ်။ ကိုယ့်ရဲ့အတွေးတွေ၊ ယုံကြည်ချက်တွေကို ဖော်ထုတ်နိုင်ဖို့ တွန်းအားပေးပါတယ်။ ဒါတွေက မိမိကိုယ်ကို ကျေနပ်အားရမှုမျိုးဖြစ်ပေါ်စေမှာဖြစ်**

ကျိုးကြောင်းဆီလျော်စွာ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းဆိုတဲ့ Critical Thinking ဆိုတာ အသိဉာဏ်ပါပြီး ဆင်ခြင်တုံတရားရှိတဲ့ အဆုံးအဖြတ်တွေ ချမှတ်နိုင်ဖို့အတွက် ရရှိလာတဲ့အချက်အလက် အကြောင်းအရာတွေ၊ ထင်မြင်ယူဆချက်တွေ၊ ဒါမှမဟုတ် ယုံကြည်ထားမှုတွေအပေါ်မှာ သရုပ်ခွဲ ဆန်းစစ်အကဲဖြတ် အနက်ကောက်ယူတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ဒါကြောင့် အချက်အလက်တွေအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ရှုမြင်နိုင်ရမယ်၊ အဲဒီကမှ မိမိရဲ့ ကိုယ်ပိုင်ထင်မြင်ယူဆချက်တွေကို ဖော်ထုတ်နိုင်ရမယ်၊ ပြီးရင် ကွဲပြားခြားနားတဲ့ ရှုထောင့်အမြင်တွေကနေ စဉ်းစားတွေးခေါ်ပြီးမှ ဆင်ခြင်တုံတရားနဲ့ ယှဉ်ပြီး ဆုံးဖြတ်ရတာမျိုးဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်နိုင်ဖို့ Critical Thinking မှာ အောက်ပါ အစိတ်အပိုင်းတွေ ပါဝင်နေပါတယ်-

(၁) **စိတ်ဖြာလေ့လာမှု/ သရုပ်ခွဲမှု (Analysis)**။ ဝေဖန်ပိုင်းခြားတတ်တဲ့ တွေးခေါ်မှုရရှိရေးအတွက် စိတ်ဖြာလေ့လာမှုဟာ အရေးပါပါတယ်။ စိတ်ဖြာလေ့လာရာမှာ စုဆောင်းရရှိထားသမျှ အချက်အလက်တွေကို မိမိကိုယ်တိုင် သေချာနားလည်အောင် ပြုလုပ်ပြီးနောက် မိမိနဲ့ အမှန်တကယ်သက်ဆိုင်တဲ့ အဓိကအချက်တွေကိုသေချာရွေးထုတ်တာလို့ ဆိုနိုင်ပါတယ်။

(၂) **ဆန်းစစ်အကဲဖြတ်မှု (Evaluation)**။ ဝေဖန်ပိုင်းခြားတာနဲ့ ဆန်းစစ်အကဲဖြတ်မှုဟာ ချိတ်ဆက်မှုရှိနေပါတယ်။ မိမိတို့ ဝေဖန်ပိုင်းခြားပြီးတဲ့ သတင်းအချက်အလက်တွေ၊ အဆိုပြုချက်တွေ၊ အကြောင်းပြချက်တွေနဲ့ သက်သေ အထောက်အထားတွေဟာ ဘယ်လောက် ခိုင်မာယုံကြည်အားထားရလဲနဲ့ ဘယ်လောက် တိုက်ရိုက်သက်ဆိုင်မှုရှိလဲဆိုတာကို ဆန်းစစ်ရမှာဖြစ်ပါတယ်။ Validity and Reliability ပါ။ ဥပမာအားဖြင့် သတင်းဆောင်းပါးတစ်ပုဒ်၊ သုတေသနတွေ့ရှိချက်တစ်ခုကို ချက်ချင်းလက်မခံသေးဘဲ အဲဒါရဲ့ အရင်းအမြစ်က ဘယ်လောက်ယုံကြည်စိတ်ချရလဲ၊ Bias အစွဲတွေပါနေလား၊ အကျိုးစီးပွားပဋိပက္ခဖြစ်လာနိုင်မှုတွေ ရှိနေလား စတာတွေပဲ ဖြစ်ပါတယ်။

(၃) **နည်းမှီ၍ အဖြေထုတ်ယူမှု (Inference)**။ မိမိတို့စုဆောင်းသိရှိထားတဲ့ အချက်အလက်တွေအားလုံးကို သေချာခွဲခြမ်းစိတ်ဖြာ၊ ဆန်းစစ်အကဲဖြတ်ပြီးရင်တော့ ဆင်ခြင်တုံတရားအပေါ် အခြေပြုထားတဲ့ သုံးသပ်တွေးခေါ်မှုမျိုးနဲ့ ယုတ္တိရှိတဲ့ ကောက်ချက်ချအဖြေထုတ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပြဿနာကို နည်းစနစ်တကျ ချဉ်းကပ်မှုမျိုးဖြစ်တဲ့ ဖြစ်လာနိုင်သမျှသော ဖြေရှင်းချက်တွေနဲ့ ထွက်ပေါ်လာနိုင်သမျှသောရလဒ်တွေကို နှိုင်းယှဉ်ချိန်ထိုးပြီးမှ အကောင်းဆုံးကို ရွေးချယ်တာမျိုးဖြစ်ရပါမယ်။

(၄) **အနက်အဓိပ္ပာယ်ကောက်ယူမှု (Interpretation)**။ အနက်အဓိပ္ပာယ် ကောက်ယူမှုဟာလည်း ဝေဖန်ပိုင်းခြားတတ်တဲ့ အတွေးအခေါ်ရရှိရေးမှာ အရေးကြီးတဲ့အစိတ်အပိုင်းဖြစ်ပါတယ်။ မိမိဆီမှာ စုဆောင်းရရှိထားတဲ့ အချက်အလက်တွေကို အနက်အဓိပ္ပာယ်ကောက်ယူမယ်ဆိုရင် အဲဒီအချက်အလက်တွေကို မိမိကိုယ်တိုင် သေချာနားလည်သဘောပေါက်ရမယ်။ ဘာကိုဆိုလိုတာလဲဆိုတဲ့ အဓိပ္ပာယ်ကိုလည်း သေချာဖော်ထုတ်တတ်ရမယ်။ မိမိနားလည်ထားတဲ့ အဓိပ္ပာယ်ကလည်း ရှင်းလင်းမှုရှိရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရှုထောင့်အမြင်အမျိုးမျိုးအပေါ် သုံးသပ်စဉ်းစားပြီးတော့လည်း အနက်အဓိပ္ပာယ်ကောက်ယူတတ်ရပါမယ်။

(၅) **ရှင်းလင်းချက် (Explanation)**။ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ သုံးသပ်ချက်ရလဒ်တစ်ခုကို ရရှိပြီးပြီဆိုရင်တော့ အဲဒီရလဒ်ကို ဖော်ပြရပါမယ်၊ ဘာကြောင့် ဒီလိုရလဒ်ကို ရရှိလာတာလဲဆိုတဲ့ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကိုလည်း ဖော်ပြပြီး အကျိုးသင့် အကြောင်းသင့် ခိုင်ခိုင်လုံလုံ ရှင်းပြတတ်ရပါမယ်။

(၆) **ကိုယ်ပိုင်ရှိရင်းစွဲဖြစ်စေမှု (Self-regulation)**။ အထက်ပါအချက်တွေကို အခွင့်အခါကြုံကြိုက်တိုင်း လက်တွေ့အသုံးချနေမှသာ မိမိရဲ့ဝေဖန်ပိုင်းခြားတတ်တဲ့အတွေးအခေါ် မြင့်မားလာမှာဖြစ်ပါတယ်။ အဲဒီလို လက်တွေ့အသုံးချတဲ့အခါမှာ မိမိကိုယ်မိမိ အမြဲဆန်းစစ်နေရပါမယ်။ အမှားပြုလုပ်မိရင်လည်း မိမိဘာသာမိမိ အဲဒီအမှားကို ပြန်ပြင်ဆင်နိုင်ရပါမယ်။

ဒါကြောင့်မို့ Critical Thinking စွမ်းရည်မြင့်မားအောင် လုပ်ဆောင်နိုင်ခြင်းကနေ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ စဉ်းစားဆုံးဖြတ်နိုင်မှု အရည်အချင်းမြင့်မားလာမှာဖြစ်သလို ခက်ခဲနက်နဲတဲ့အခြေအနေမျိုးမှာ ပေါ်ပေါက်လာတဲ့ ပြဿနာမျိုးတွေကိုတောင် ကောင်းမွန်စွာနားလည်သဘောပေါက်ပြီး ချဉ်းကပ်ဖြေရှင်းနိုင်စွမ်းရှိလာမှာဖြစ်ပါတယ်။

အလွယ်ပြောရရင်တော့ Critical Thinking ဆိုတာ ကိစ္စတစ်ခုနဲ့ ကြုံလာရတိုင်း ဘယ်လိုအဖြေက အကောင်းဆုံးဖြစ်မယ်ဆိုတာကို ချင့်ချိန်ဆုံးဖြတ်တဲ့ Thinking Skill တစ်ခုပါ။ Critical Thinking ရှိတဲ့ လူတစ်ယောက်က အသစ်အသစ်သော Idea တွေကို ကျိုးကြောင်းဆီလျော်စွာ ယုတ္တိကျကျ နားလည်သဘောပေါက်နိုင်စွမ်းရှိပါတယ်။ ပြဿနာတွေ၊ အငြင်းပွားစရာတွေ ဖြစ်ပေါ်လာတဲ့အခါ ဝေဖန်ပိုင်းခြားနိုင်မှုအပြည့်နဲ့ စနစ်တကျဖြေရှင်းနိုင်စွမ်းရှိတတ်လာမှာဖြစ်ပါတယ်။

## Critical Thinking ရဲ့ စွမ်းရည်များ

Critical Thinking ဆိုတာက ဆုံးဖြတ်ချက်တစ်ခုကို မှန်မှန်ကန်ကန်ချနိုင်ဖို့ ကိုယ့်မှာရှိပြီးသား သတင်းအချက်အလက်တွေကို သေချာလေ့လာသုံးသပ်ပြီး ဦးနှောက်နဲ့ ဝေဖန်ပိုင်းခြားရတာမျိုးဖြစ်လို့ မိမိတို့ရဲ့ နေ့စဉ်ဘဝမှာ တစ်ထောင့်တစ်နေရာက အမြဲပါဝင်နေပါတယ်။ Critical Thinking ဆိုတာ နယ်ပယ်တိုင်းမှာ အရေးပါအရာရောက်ပါတယ်။ ဘာလို့လဲဆိုတော့ ဆုံးဖြတ်ချက်တွေက အနာဂတ်ကို ပိုင်းဖြတ်ပေးတာကြောင့်ဖြစ်ပါတယ်။ ကိုယ်က ဘယ်လိုအလုပ်နယ်ပယ်မှာပဲ ကျင်လည်နေပါစေ၊ ကိုယ့်ရဲ့အနာဂတ်က ကိုယ်ချမှတ်တဲ့ ဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်တာပါ။

ဒ့ါအပြင် Critical Thinking က ပိုမိုကောင်းမွန်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့ အထောက်အပံ့ပေးပါတယ်။ လူတွေက နေ့တိုင်းနေ့တိုင်းမှာ မိမိကိုယ်တိုင်တောင် မသိလိုက်၊ သတိမထားမိလိုက်ဘဲ ဆုံးဖြတ်ချက်များစွာ ချမှတ်နေကြရပါတယ်။ အချို့သော ဆုံးဖြတ်ချက်မျိုးတွေက အချိန်အကြာကြီးယူပြီး စဉ်းစားစရာမလိုတတ်ပေမယ့် အချို့အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချရတာမျိုး၊ ခက်ခဲပြီး တွေးတောဖို့ အချိန်တော်တော်ယူပြီးမှ ဆုံးဖြတ်ရတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ဒါကြောင့် Critical Thinking သုံးပြီး သေချာစဉ်းစား ဆုံးဖြတ်တာက ပိုပြီးကောင်းမွန်တဲ့ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့ အထောက်အကူပြုမှာဖြစ်ပါတယ်။ မိမိကိုယ်ကိုသိတယ်၊ ကိုယ်ဘာဖြစ်ချင်တယ်၊ ကိုယ်ဘာလုပ်ချင်တယ်ဆိုတာကို သိပြီး ဆုံးဖြတ်လုပ်ဆောင်တာမျိုးဖြစ်လို့ ပိုပြီးတော့ ဝမ်းမြောက်ကျေနပ်မှု ရရှိနိုင်မှာဖြစ်ပါတယ်။ Critical Thinking နဲ့ စဉ်းစားချင့်ချိန်တွေးတောနိုင်မယ်ဆိုရင် ကိုယ့်ရဲ့အတွေးတွေကို ကိုယ်ထိန်းချုပ်နိုင်မယ်။ ဒီတော့ Critical Thinking ကို အသုံးချမယ်ဆိုရင် မကောင်းတဲ့အတွေးတွေကို မတွေးမိအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ထားနိုင်တာကြောင့် ပျော်ရွှင်မှုလမ်းစကို ရှာတွေ့နိုင်ပါတယ်။

Critical Thinking က ကိုယ့်ကိုယ်ကိုယ် နောက်ပြန်ဆွဲထားတဲ့ အတွေးအခေါ်တွေကနေ လွတ်မြောက်အောင်လည်း စွမ်းဆောင်ပေးနိုင်ပါတယ်။ Critical Thinking က ကိုယ့်ရဲ့အားသာချက်တွေနဲ့ အားနည်းချက်တွေကိုသိအောင် လမ်းပြပေးတယ်၊ ကိုယ်ဘာတွေတိုးတက်အောင် လုပ်နိုင်သေးတယ်၊ ကိုယ့်မှာ ဘယ်လိုစွမ်းဆောင်နိုင်စွမ်းရှိတယ်ဆိုတာကိုပြပါတယ်။ ကိုယ့်ရဲ့အတွေးတွေ၊ ယုံကြည်ချက်တွေကို ဖော်ထုတ်နိုင်ဖို့ တွန်းအားပေးပါတယ်။ ဒါတွေက မိမိကိုယ်ကို ကျေနပ်အားရမှုမျိုးဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

Critical Thinking ကို နေ့စဉ်ဘဝမှာပါ အသုံးချသင့်ပါတယ်။ ညီညွတ်မျှတတဲ့ နေထိုင်စားသောက်မှု ပုံစံမျိုးဖြစ်အောင် ဘယ်လိုပြုမူနေထိုင်ရမလဲ၊ အပြင်မှာ သွားစားမယ်ဆိုရင်လည်း ဘယ်ဆိုင်ကို ရွေးချယ်မှာလဲ၊ နောက်ဆုံးအိမ်ထောင်ရှင်မတစ်ဦးအနေနဲ့ မိမိရဲ့တစ်နေ့တာအသုံးစရိတ်နဲ့ တစ်အိမ်သားလုံးအတွက် အကောင်းဆုံးဖြစ်စေဖို့ ဘယ်လိုလောက်ငအောင် သုံးစွဲရမလဲဆိုတာကို စဉ်းစားတွက်ချက်ရတာမျိုးလို နေ့စဉ်သာမန်ကိစ္စလေးတွေကစပြီး ရုံးမှာ၊ အိမ်မှာ၊ ကျောင်းမှာ ဘယ်လိုစည်းကမ်းချက်တွေ ထားရှိသင့်လဲ၊ နောက်ဆုံးရွေးကောက်ပွဲမှာ ဘယ်နိုင်ငံရေးပါတီကို မဲထည့်မလဲ စတဲ့အရေးပါတဲ့ကိစ္စတွေအထိ Critical Thinking က အသုံးဝင်လာမှာဖြစ်ပါတယ်။ ဖေ့စ်ဘွတ်လို လူမှုကွန်ရက်တွေမှာ တက်လာသမျှ သတင်းအချက်အလက်တွေကို လွယ်လင့်တကူ မယုံကြည်တတ်ဘဲ ပညာရှိဆန်ဆန်ဝေဖန်ပိုင်းခြားနိုင်တဲ့အရည်အချင်းမျိုးဟာ Critical Thinking Skill ပဲ ဖြစ်ပါတယ်။

## Evolutionary Epistemology ဆိုင်ရာ စမ်းသပ်တွေ့ရှိမှု

ဒီနေရာမှာ Critical Thinking Skill အပေါ် အထောက်အကူပြုပေးနေတဲ့ Epistemology ဆိုတဲ့ ဝေါဟာရကို အကြမ်းဖျင်းရှင်းပြလိုပါတယ်။ အဲဒါဟာ ဖီလော်ဆော်ဖီရဲ့ အခွဲတစ်ခုဖြစ်ပြီး သဘာဝတရား၊ မူလအစပျိုးမှုနဲ့ ကန့်သတ်ထားရှိမှုတွေအပေါ် လေ့လာရာကနေ ရရှိလာတဲ့ အသိဉာဏ်တရားပဲဖြစ်ပါတယ်။ အဲဒီကမှ ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်နိုင်ဖို့ရာ လိုအပ်နေတဲ့ ဘောင်ကန့်သတ်မှုမျိုးကိုပေးမှာ ဖြစ်ပါတယ်။ ဘာကိုကျွန်တော်တို့ သိနိုင်မလဲ၊ ဘယ်လိုသိအောင် လုပ်ရမလဲဆိုတာမျိုးဖြစ်ပါတယ်။

Epistemology ကြောင့် ကျွန်တော်တို့ဟာ Experiment and Observation ဆိုတဲ့ လက်တွေ့လေ့လာတွေ့ရှိမှုမှ ရရှိလာတဲ့ လက်တွေ့သိမှု (Empirical Knowledge) မျိုးကိုသာမက ယထာဘူတကျစွာ တွေးတောဆင်ခြင်ခြင်း (Logical Reasoning) မှ ရရှိလာတဲ့ ဆင်ခြင်သိမှု (Rational knowledge) နှစ်မျိုးလုံးကို သိမြင်နားလည်လာစေနိုင်ပါတယ်။ အဲဒါကနေ ဖြစ်ပေါ်လာနိုင်တဲ့ အမှားတွေနဲ့ မသေချာမရေရာရှိမှုဆိုတဲ့ အသိဉာဏ်ရဲ့ အကန့်အသတ်တွေကို ဖော်ထုတ်သိရှိနိုင်မှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် Evolutionary Epistemology စမ်းသပ်ချက်တစ်ခုအရ ပျားကောင်တွေဟာ အုပ်စုဖွဲ့ပြီး အစာရှာချိန်မျိုးမှာ Waggle Dance လို့ခေါ်တဲ့ ဂဏန်းအက္ခရာ ‘8’ ပုံသဏ္ဍာန်မျိုး ပျံသန်းပြီး အစာလမ်းကြောင်းကိုလည်း တစ်ကောင်နဲ့တစ်ကောင်အကြားမှာ ဆက်သွယ်မှုပြုပေးကြပါတယ်။ ဒီတော့ တစ်ကြောင်းထိုးပျံကြပြီး အချင်းချင်းအကြားမှာလည်း ပေါင်းစည်းလုပ်ဆောင်မှုမရှိတဲ့ ယင်ကောင်တွေထက် အစာရှာဖွေမှုမှာ ပိုသာပါတယ်။ ဒါကိုပဲ ပျားတွေဟာ အင်မတန်မှ အလုပ်ကြိုးစားတယ်၊ ခွန်အားစိုက်ထုတ်မှုရှိတယ်၊ ယင်ကောင်တွေကတော့ ဒီလိုမဟုတ်ဘူးလို့ အဖြေထုတ်ကြတာမျိုးလည်း ရှိပါတယ်။

နောက်တစ်မျိုး လက်တွေ့စမ်းသပ်ကြည့်တဲ့အနေနဲ့ ပျားဆယ်ကောင်နဲ့ ယင်ကောင်ဆယ်ကောင်ကို ပုလင်းတစ်လုံးထဲမှာ အတူထည့်၊ အဖုံးပိတ်၊ ပုလင်းရဲ့ အရင်းပိုင်းကို ပြတင်းပေါက်နားမှာထားလိုက်တယ်။ ကြည့်နေတုန်းမှာပဲ ပျားတွေက တဝီဝီနဲ့ ရုန်းကန်တိုးထွက်ဖို့ ကြိုးစားနေချိန်မှာ ယင်ကောင်တွေကတော့ ပြတင်းပေါက်ရဲ့ ဆန့်ကျင်တဲ့ဘက် ပုလင်းရဲ့အဖျားပိုင်းမှာ သွားစုပြီး ငြိမ်နေကြတယ်။ ဒါဆိုရင်ပဲ မူလတွေ့ရှိထားတဲ့ အမြင်က မှန်တယ်လို့ ယူဆရတော့မလား။ အချိန်အတော်လေးကြာလို့ သွားကြည့်တဲ့အခါ ပျားတွေအားလုံးသေနေကြပြီ။ ပုလင်းအဖုံးလည်း ဖွင့်လိုက်ရော ခုနချောင်ကပ်ပြီး ခိုနေတဲ့ ယင်ကောင်အားလုံး ထပြီးပျံသွားကြတယ်။

ဒါကိုကြည့်ပြီး မိမိရဲ့ ဘဝအတွက် ဘယ်လိုအသုံးချသွားမှာလဲ၊ ဥပမာအားဖြင့် “ပျားလိုမျိုး ပြုမူ နေထိုင်ကျင့်ကြံသွားမှာလား၊ ယင်ကောင်လိုမျိုးလား” ဆိုတာမျိုး အဖြေထုတ်လို့တော့ မရနိုင်ပါ။ တကယ့်အဖြစ်မှန်က ပျားတွေဟာ အလင်းရောင်ကို ကြိုက်တော့ ပြတင်းပေါက်အဝနားချထားတာကြောင့် အလင်းရောင်ရှိတဲ့ဘက်ကို တိုးထွက်ပျံသန်းဖို့ ကြိုးစားရာက ပုလင်းအပိတ်နဲ့ တိုက်တိုက်မိပြီး နောက်ဆုံးမှာ သေကုန်ကြတာပါ။ ယင်ကောင်တွေကတော့ ပုန္နေး၊ စွတ်စိုတာနဲ့ အမှောင်ကိုကြိုက်တော့ ပြတင်းပေါက်ရဲ့ ဆန့်ကျင်တဲ့ဘက် ပုလင်းရဲ့ အဖျားပိုင်းမှာ သွားစုနေကြတာပါ။ ဒါဟာ သူတို့ရဲ့ Original Nature သာ ဖြစ်ကြောင်း Epistemology နဲ့ အဖြေထုတ်ပြီး မှန်ကန်ခြင်းမရှိတဲ့ Inference မပြုလုပ်မိစေဖို့အတွက် Critical Thinking ပြုလုပ်ရာမှာ အများကြီးအထောက်အပံ့ရရှိစေပါတယ်။ **အလုပ်လုပ်ကိုင်ရာမှာလည်း Work Hard ဖြစ်ရုံမျှမက Work Smart ဖြစ်ဖို့လည်း လိုအပ်ပါတယ်။** အသိဉာဏ်မပါဘဲ ကြိုးစားအားထုတ်နေရင် အောင်မြင်နိုင်တဲ့ ကြိုးစားအားထုတ်မှုမဟုတ်လို့ နည်းလမ်းတကျ ကြိုးစားအားထုတ်မှုဖြစ်ဖို့လည်း လိုအပ်ကြောင်း အဲဒီတွေ့ရှိချက်မှ သင်ခန်းစာရယူသင့်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် ဇန်နဝါရီ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာအုပ်စု အိုးဘို-ချောင်းကလေး လမ်းပေါ်ရှိ ကျုံပတောတံတားတည်ဆောက်ခြင်းလုပ်ငန်း (ပထမပိုင်း) A1 ဘိုးပိုင်ငါးလုံး၊ A2 ဘိုးပိုင် ငါးလုံး ဆောင်ရွက်ပြီးစီးမှုနှင့် P1 ဘိုးပိုင်တူးရန် ဆက်လက်ဆောင်ရွက်မည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကျုံတုန်းကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာ ရန်ကုန်-ပုသိမ် ကားလမ်းဘေး ကျုံတုန်းကြီးကွင်း ကွင်းအမှတ် ၅၃၄(က)ရှိ ဆင်းရွှေကြာ ၂၊ နေကြာစံပြ ၁၀ ဧကစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ အောင်မြင်အောင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်၊ ဓာတ်ပုံ - ငြိမ်းဝေဖြိုး



# အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၄၅) အား အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာအစီအစဉ်များ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃) ရပ်၏ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၄၅) အား အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာအစီအစဉ်များရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃)ရပ်၏ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးကို မြန်မာနိုင်ငံ၏ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဦးဆောင်ပြုလုပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၀) ကြိမ်မြောက်အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) အား "တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူဗဟိုပြု အာဆီယံ" ဆောင်ပုဒ်ဖြင့် အပြီးသတ်ရေးဆွဲခဲ့ခြင်းအပါအဝင် အဆိုပါမျှော်မှန်းချက် အကောင်အထည်ဖော်ဆောင်မည့် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာအစီအစဉ်၏ ဖြစ်ပေါ်တိုးတက်မှု၊ မဟာဗျူဟာအစီအစဉ် ရေးဆွဲမှုပုံစံနှင့် ရှေ့ဆက်ဆောင်ရွက်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း နှင့် လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကဲ့သို့ အခြားသက်ဆိုင်ရာ အာဆီယံမဏ္ဍိုင်များအနေဖြင့်လည်း မဟာဗျူဟာအစီအစဉ်များရေးဆွဲရာတွင် မဏ္ဍိုင်အသီးသီးအောက်ရှိ သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် ဒုတိယဝန်ကြီးက တိုက်တွန်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာအစီအစဉ်မူကြမ်း၏ အဆိုပြုလုပ်ငန်းအစီအစဉ်များအပေါ် ၎င်း၏သဘောထားအမြင်များကို မျှဝေဆွေးနွေးခဲ့ပြီး လုပ်ငန်းအစီအစဉ်မူကြမ်းများအပေါ် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားရှုထောင့်အရ သဘောထားအကြံပြုချက်များ ပေးပို့သွားရန် အရေးကြီးကြောင်းကို အလေးထားပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာအစီအစဉ်၏ မဟာဗျူဟာရည်မှန်းချက်များအောက်ရှိ အဆိုပြုလုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကိုယ်စားလှယ်များအကြား အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ အတွေးအမြင်များကို ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ အလားတူ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းတို့မှ ကိုယ်စားလှယ်များက အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၄၅)၏ သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာအစီအစဉ်များ ရေးဆွဲထားရှိခြင်းဆိုင်ရာ လက်ရှိကာလအထိ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# ကွမ်းခြံကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ဘီးလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းကာ စာရင်းဇယားများ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် မြစိမ်းရောင်စီမံကိန်းဖြင့် လည်ပတ်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



**လိုအပ်သည်များမှာကြား**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ကော်မတီပြန်လည်ဖွဲ့စည်းပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံမှ စာရင်းဇယားများ ဖြည့်သွင်းမှုပုံစံများ မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းစစ်ဆေး**

ဆက်လက်၍ ဘီးလင်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းဖြင့် လည်ပတ်ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ဒသမအကြိမ် ထုတ်ချေး

ရေတာရှည် ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သာဝတ္တိကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဥယျာဉ်မှူးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ၂၂၂

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံအထူးကိုယ်စားလှယ် H.E. Mr. Alounkeo Kittikhoun နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံပွဲများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။



### ပြန်လည်ဖြေကြား

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမရှိ ဧည့်တွေ့ဆောင်၌ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့်အခြေအနေနှင့် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မေးမြန်းသည့် သိရှိလိုသည့်အချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ တွေ့ဆုံခဲ့ကြပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ပါတီခေါင်းဆောင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြံပြုချက် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီး တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံ၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုချက် စာတမ်း ဖတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



### တည်ဆဲနိုင်ငံရေးပါတီ ၄၅ ပါတီရှိ

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ယနေ့မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြံပြုချက်စာတမ်း ဖတ်ကြားခြင်းနှင့် ပါတီဆိုင်ရာ လုပ်ငန်းကိစ္စများ ဆက်လက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်အရ ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၆၅ ပါတီရှိပြီး ၎င်းတို့အနက် ၄၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ပါတီများအနက် ပါတီ နှစ်ပါတီ ဖျက်သိမ်းခဲ့ရခြင်းကြောင့် တည်ဆဲနိုင်ငံရေးပါတီ ၄၅ ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပါတီဝင်အင်အားကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် စည်းရုံးရေးနှင့် သတ်မှတ်ပါတီ ရုံးခန်းအရေအတွက် ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများက တင်ပြလာသော ပါတီဝင်အင်အားစာရင်းများကို သက်ဆိုင်ရာဌာနများ၊ ပါတီတာဝန်ခံကိုယ်စားလှယ်များနှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး စိစစ်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မပြည့်စုံသူများ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ထပ်နေသူများ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် အမည်ကွဲလွဲသူများ၊ မြို့နယ်ကုတ် လွဲမှားနေသူများ၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နေရပ်လိပ်စာ ပြည့်စုံခြင်း မရှိသူများ၊ ဥပဒေနှင့်အညီ နေထိုင်သူစာရင်း၌ မရှိသူများအစရှိသည့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသည့် ပါတီဝင်အင်အားစာရင်းများကို သက်ဆိုင်ရာပါတီများသို့ပေးပို့ပြီး သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်ပြီး သတ်မှတ်ရက်အရောက် ပြန်လည် စိစစ်ပြင်ဆင်ပေးပို့ရေး အကြောင်းကြားခဲ့ကြောင်း။

ယနေ့ထိ ရက်ပေါင်း ၉၀ ပြည့်သည့် နိုင်ငံရေးပါတီ ၃၅ ပါတီအနက် ၂၈ ပါတီသာ သတ်မှတ်အင်အား ပြည့်မီသည်ကို တွေ့ရှိရကြောင်း၊ ပါတီရုံးခန်းများ ဖွင့်လှစ်ရာတွင်လည်း ရက်ပေါင်း ၁၈၀ ပြည့်ပြီးသည့် နိုင်ငံရေးပါတီ ၃၂ ပါတီအနက် ၁၉ ပါတီသာ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ပါတီဝင်အင်အားနှင့် ရုံးခန်း ဖွင့်လှစ်ခြင်းကို သတ်မှတ်ချက်နှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ရရှိရေး အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ညှိနှိုင်းအကြောင်းကြားပြီးဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်ရန်လို

ကော်မရှင်အနေဖြင့် ပါတီအားလုံးရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ အချိန်ပေးပြီး စိတ်ရှည်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေခြင်းကြောင့် ပါတီဝင်အင်အားပြည့်မီရေး အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေသတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေ စည်းရုံးခြင်းနှင့် ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေနှင့်အညီ တိကျစွာအကောင်အထည်ဖော်လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ခိုင်မာအားကောင်းမှသာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် များစွာအထောက်အကူရရှိမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည်ဖြစ်ရာ စနစ်နှင့်ကိုက်ညီသည့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်း ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး စိစစ်ရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှုရှိစေရန် ကော်မရှင်အနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်း နိုင်ငံရေးပါတီများ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုချက် စာတမ်းဖတ်ကြားခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ခြင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး လုံခြုံအေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကောင်းမွန်သော အကြံဉာဏ်များကို အပြုသဘောဆောင် တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုချက်စာတမ်းကို အကျဉ်းချုပ် တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဥပဒေချုပ်၊ နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ပါတီခေါင်းဆောင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် စိုက်ပျိုးရေးနှင့် ဒေသထုတ်ကုန်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့သည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းရန်ပုံငွေမှ Green House စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသထုတ်ကုန်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### တိုးချဲ့စိုက်ပျိုး

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ရွာသစ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ ဒေသခံတောင်သူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း စီမံကိန်းရန်ပုံငွေဖြင့် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ဆင်းရဲဆင်းနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အတွေ့အကြုံနှင့် ဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းမှ ကျေးရွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အခြေခံသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ၊ သွင်းအားစုထောက်ပံ့ခြင်း၊ နည်းပညာနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းလုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာတောင်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်စေရေးနှင့် ပိုမိုအကျိုးရှိထိရောက်မည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာများနှင့် အုပ်ချုပ်ထောက်ပံ့ဆောင်ရွက်ပေးခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပဲခူးမြို့နယ် ရွာသစ်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းမတည်ရင်းနှီးငွေကျပ် ၃၂၈ သိန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ပြီး အစုအဖွဲ့များဖွဲ့စည်း၍ Green House စနစ်ဖြင့် စိုက်ပျိုးထားသည့် ခရမ်းချဉ်၊ ငရုတ်၊ ဆလပ်ဟော်လန်မျိုး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ဒေသထွက်ကုန်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများမှ ထွက်ရှိသော ဒေသထွက်ကုန်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုအားပေး

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ပဲခူးမြို့ သီရိဥဿာဈေး ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်များ အရောင်းစင်တာသို့ သွားရောက်၍ ဒေသထုတ်ကုန်များ ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး MSME လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ရှိ Agro Future Myanmar ကုမ္ပဏီ၏ လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိပြီး လက်ဆွဲကောက်စိုက်စက်ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများအနေဖြင့် စပါးမျိုးစေ့များကို ကြဲပက်စိုက်ပျိုးခြင်းအစား ကောက်ကွက်ပြည့်ပြီး အထွက်တိုးရန်အတွက် အချိန်သက်သာပြီး ဈေးနှုန်းသင့်တင့်သည့် ကောက်စိုက်စက်များ တီထွင်အသုံးပြုပြီး စိုက်ပျိုးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားမှု စစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု၊ သန့်ရှင်းရေးဆောင်ရွက်ထားမှု၊ ပုဂံရှေးဟောင်းသုတေသန ပြတိုက်အတွင်း ခင်းကျင်း ပြသထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် Area 1 တွင် ပါဝင်သော နရသီဟပတေ့ဘုရားသို့ သွားရောက်ဖူးမြော်ကာ စေတီအထက် ပစ္စယံမှ Area 1 တွင် ပါဝင်သော ဘုရားများ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဘုရားအမှတ်(၅၃၄) စားပွဲတင်ဘုရား ပြုပြင်ထိန်းသိမ်းမှုများကိုလည်းကောင်း၊ ဘုရားအမှတ်(၇၇၂) အင်းဘုရားကြီးပေါ်တွင် ပေါက်ရောက်နေသော ညောင်ပင်များ၊ ပေါင်းမြက်များကို ရှင်းလင်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ဒုတိယဝန်ကြီးက ဘုရားပေါ်တွင် ခက်ခဲစွာ ရှင်းလင်းဆောင်ရွက်ရသည့်အတွက် ညောင်ပင်များ ကျန်ရှိမနေစေရေး စနစ်တကျ ဆောင်ရွက်ရန်၊ ဝန်ထမ်းများအတွက် လိုအပ်သည့် Safety Equipment များ အသုံးပြု ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ရောက်ရှိပြီး ပြတိုက်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြတိုက်ခင်းကျင်းပြသမှုနှင့် ရှင်းလင်းပြသမှုများကို စနစ်တကျစီမံဆောင်ရွက်ရန်နှင့် ရှင်းလင်းပြသမှုအပိုင်းတွင် တစ်ဦးတစ်ယောက်တည်းက ရှင်းလင်းပြသမှုမဟုတ်ဘဲ ပြခန်းအလိုက် ဝန်ထမ်းတစ်ဦးချင်းစီ ရှင်းလင်းပြသနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပြတိုက်ခင်းကျင်းပြသခြင်း၊ ရှင်းလင်းပြသခြင်းဆိုင်ရာ တာဝန်များ ကျေပွန်စေရေး ပြတိုက်ဝန်ထမ်း အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် မှာကြားပြီး ပြတိုက်ခင်းကျင်းမှုများနှင့် ရှင်းလင်းချက် စာသားများအား လမ်းညွှန်ချက်အတိုင်း ပြုပြင်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငှက်ပစ်တောင်ဘုရားဝင်းအတွင်းရှိ ရှင်အရဟံအုတ်ကျောင်းသို့ သွားရောက်၍ အုတ်ကျောင်း အတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ထားမှု၊ ဘုရားဖူးဧည့်သည်များ ဖူးမြော်ကြည်ညိုနိုင်ရေး ပြင်ဆင်ခင်းကျင်းထားမှု၊ ငှက်ပေါက်တွင်းနှင့် ငှက်ကြီးဂူများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် ဘုရားအမှတ်(၁၆၁) ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းကို စစ်ဆေးပြီး လောကပွင့်လင်း ဆုတောင်းပြည့်မြတ်စွာဘုရား ကျောင်းတော်ကြီးအတွင်းရှိ လျောင်းတော်မူရုပ်ပွားတော်ကြီးကို ဖူးမြော်ကြည်ညို၍ ရုပ်ပွားတော်ရှိရာ လိုဏ်ဂူ မျက်နှာကြက်များ ပျက်စီးနေခြင်းကို မိုးမကျမီ ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အုတ်ဖိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

အုတ်ဖို ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ တိုးချဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအဖြစ် ကိုဗစ်-၁၉ ရောဂါ မျိုးစိတ်သစ်များအား ကာကွယ်နိုင်ရန် ရည်ရွယ်၍ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီခွဲမှ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၅၀ နှင့်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများ၊ အသက် ၁၈ နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများအား ထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရန်လာရောက်သူများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက စနစ်တကျထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တောင်ကြီးခရိုင်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး ဇန်နဝါရီ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့ သာသနာ့ဗိမာန်ရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။



**ထောက်ပံ့ပေးအပ်**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော Smart အထည်ချုပ်စက်ရုံမှ ထုတ်လုပ်သည့် ကျား/ မအင်္ကျီများ၊ ကိုယ်တိုက်ဆပ်ပြာများ၊ အသက် ၇၀ နှင့်အထက်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ငါးနှစ် အောက်ကလေးများအား လူမှုရေးအထောက်အပံ့အဖြစ် ထောက်ပံ့ငွေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို လူဦးရေအလိုက်၊ အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ကြပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများထဲမှ အငြိမ်းစားဝန်ထမ်းများ အငြိမ်းစားလစာထုတ်ယူနိုင်ရေး၊ ဆေးတက္ကသိုလ် အပါအဝင် တက္ကသိုလ်များ၊ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ဆက်လက် ပညာသင်ကြားရေး၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ဟိုပုံးမြို့ လုမ္ဗနီဘုန်းတော်ကြီးကျောင်းနှင့် တောင်ကြီးမြို့ တောင်ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ကာ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အဝတ်အထည်၊ ကိုယ်တိုက်ဆပ်ပြာ၊ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သူများအတွက် လူမှုရေးအထောက်အပံ့ငွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို လူဦးရေအလိုက်၊ အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် တောင်ကြီးမြို့ ကရင်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်၍ အဝတ်အထည်၊ ဆပ်ပြာ၊ ထောက်ပံ့ငွေ၊ စားရေရိက္ခာများကို ထောက်ပံ့ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများကို အားပေးစကား ပြောကြားကြသည်။

ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် ထောက်ပံ့မှုများအနေဖြင့် ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်များမှ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၂၉၆၆ စုရှိ လူဦးရေ ၁၁၄၅၀ အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဝတ်အထည်နှင့် ဆပ်ပြာ တန်ဖိုးငွေကျပ်သိန်း ၁၅၀၀ ခန့်၊ လူမှုရေးထောက်ပံ့ငွေ လူဦးရေ ၁၂၆၁ ဦးအတွက် ငွေကျပ် ၃၇၈ သိန်းကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ဆန်၊ ဆီ၊ ဆား၊ ပဲ ခေါက်ဆွဲခြောက်၊ ကြက်ဥ စသည့် စားရေရိက္ခာ ထောက်ပံ့မှု ငွေကျပ် ၈၈၁ သိန်းကျော်တို့ကို ထောက်ပံ့ခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ထောက်ပံ့မှု စုစုပေါင်း ငွေကျပ် ၂၇၅၉ သိန်း ဖြစ်သည်။

တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နယ်၊ ရွှေညောင်မြို့နယ်၊ ကျောက်တစ်လုံးကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်အတွင်းမှ တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၁၃၂၅ စုမှ လူဦးရေ ၅၀၇၃ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဝတ်အထည်နှင့်ဆပ်ပြာ တန်ဖိုးငွေကျပ် ၆၆၄ ဒသမ ၅ သိန်းခန့်၊ လူမှုရေးထောက်ပံ့ငွေမှာ လူဦးရေ ၅၅၄ ဦးအတွက် ငွေကျပ် ၁၆၆ ဒသမ ၂ သိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ဆန်၊ ဆီ၊ ဆား၊ ပဲ ခေါက်ဆွဲခြောက်၊ ကြက်ဥ စသည့် စားရေရိက္ခာထောက်ပံ့မှု ငွေကျပ် ၃၉၃ သိန်းကျော်တို့ကို ထောက်ပံ့ခဲ့ရာ တောင်ကြီးခရိုင်အတွက် ထောက်ပံ့မှု စုစုပေါင်းငွေကျပ် ၁၂၂၃ ဒသမ ၇ သိန်း ဖြစ်သည့်အတွက် ယနေ့ ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ် ၃၉၈၃ သိန်းခန့်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးနှင့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၂**

အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် အနုပညာဆိုင်ရာ ဆောင်ရွက်မှုတွင် အခြေအနေနှင့် ကိုက်ညီစွာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အွန်လိုင်း ပလက်ဖောင်းတွင် ခိုးယူပြသနေသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများကို ဥပဒေအရ ဖော်ထုတ်အရေးယူ ဆောင်ရွက်နိုင်မှုတွင်လည်း ထိရောက်အောင်မြင်မှုကို တွေ့ရှိရကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ဇာတ်ကားများကို ဆင်ဆာမူဝါဒနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပြီး တရားမဝင် ခိုးကူးဖြန့်ချိခြင်းဆိုင်ရာကာကွယ်တားဆီးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ရုပ်ရှင်ရုံအတွင်း ဖုန်းဖြင့် ဇာတ်ကားများ ခိုးကူးမှုတွင် စောင့်ကြည့်မှုနှင့်အတူ ရုပ်ရှင်ရုံများမှ တာဝန်ရှိသူများနှင့် အနုပညာကိုပုံဖော်ဖန်တီးကြသည့် မူလပိုင်ရှင်များကလည်း ပူးပေါင်းကာကွယ်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရုပ်ရှင်ရုံအတွင်းမှ မြန်မာ့ရုပ်ရှင်များ ခိုးကူးနေမှုကို အများပြည်သူသိရှိနိုင်ရန် ရုပ်ရှင်ရုံအတွင်း အသိပညာပေးပြသခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခိုးကူးရုပ်ရှင်များ ဖြန့်ချိပြသနေမှု ထိန်းသိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း၊ တရားမဝင် ခိုးယူဖြန့်ချိမှု ပပျောက်ရန် မတရားမှုများကို ဝိုင်းဝန်းတိုက်ဖျက်သွားရမည်ဖြစ်ပြီး ပပျောက်သွားရန် မည်သို့ကာကွယ်သွားရမည်ကို တက်ရောက်သူများက အကြံပြုဆွေးနွေးသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်တားဆီးရေးအဖွဲ့ခွဲများဖြစ်ကြသည့် ဆက်သွယ်တိုင်ကြားနိုင်ရေးအဖွဲ့ခွဲ၊ စောင့်ကြည့်စိစစ်လေ့လာရေးအဖွဲ့ခွဲ၊ နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေးအဖွဲ့ခွဲ၊ အရေးယူဆောင်ရွက်ရေးအဖွဲ့ခွဲ၊ အသိပညာပေးရေးအဖွဲ့ခွဲနှင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ တာဝန်ရှိသူများ၊ အွန်လိုင်းမှတက်ရောက်သူများက ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဇန်နဝါရီ ၅ ရက် က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို နေပြည်တော်၌ကျင်းပခဲ့ရာ သက်ဆိုင်သည့်အဖွဲ့အစည်းများက ရန်ကုန်မြို့မှ Zoom ဖြင့် တက်ရောက်ခဲ့ကြကြောင်း၊ ယနေ့တွင် ထိုအစည်းအဝေးဆုံးဖြတ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းတို့ကို ပြည့်စုံစွာ ဆွေးနွေးသွားရန်ဖြစ်ကြောင်း၊ ဖျော်ဖြေရေး၊ အခမ်းအနားပြင်ဆင်ရေး အပါအဝင် ဆက်လက်လုပ်ဆောင်သွားမည့်အပိုင်းတို့ကို ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် သဘင်အစည်းအရုံးတို့မှတာဝန်ရှိသူများ၊ အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အွန်လိုင်းမှတက်ရောက်သူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**



# ထားဝယ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ထားဝယ် ဇန်နဝါရီ ၁၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်ဦးသိန်းလွင်နှင့်အဖွဲ့သည် ယနေ့တွင် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာ ဓမ္မာရုံ၌ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အတိုးရ ငွေကျပ်သိန်း ၃၆ ဒသမ ၉၄၆၅၀ စုစုပေါင်း လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ ဒသမ ၄၇၆ သိန်းတို့ဖြင့် အသင်းသား ၃၆ ဦး အား ထုတ်ချေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ၂၂၂

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး သားငါးကဏ္ဍ GDP တိုးတက်လာစေရန်နှင့် အသားစားသုံးမှုဖူလုံစေရန်အတွက် လက်ရှိမွေးမြူသူများကို နိုင်ငံတော်မှ မတည်ထောက်ပံ့ငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မွေးမြူသူများ အမှန်တကယ် မွေးမြူနိုင်ရေးနှင့် သွင်းအားစုများ မျိုးကောင်းမျိုးသန့်များ၊ အစားအစာများ ထောက်ပံ့ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုပြီး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်းရှိ ဆန်စက်၊ ဆီစက် စသည့် စက်ရုံများမှထွက်ရှိသည့် ကုန်ကြမ်းဘေးထွက်ပစ္စည်းများမှ သဘာဝမြေဩဇာနှင့် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများကို အားသာချက်၊ အားနည်းချက်များဖော်ထုတ်ပြီး တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလားတူ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်များ အရောင်းပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် MSME လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် One Region One Product အဓိကထုတ်ကုန်အပါအဝင် အခြားသောထုတ်ကုန်အမျိုးမျိုးကို ပူးပေါင်းပါဝင် ခင်းကျင်းပြသခြင်းဖြင့် မိမိတို့ထုတ်ကုန်များအချင်းချင်း ပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူအားပေးလာနိုင်ခြင်း၊ လုပ်ငန်းများအတွက် အကြံဉာဏ်အတွေးအခေါ်ကောင်းများ ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် MSME ပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသထွက်ထုတ်ကုန်များ၊ အစားအစာများ ပြည်သူများသို့ သင့်လျော်သည့်ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေး၊ One Region One Product ထုတ်ကုန်အပါအဝင် MSME ထုတ်ကုန်များအား စုံလင်စွာ ခင်းကျင်းပြသ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ၊ ဆပ်ကော်မတီများက အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများ၊ ဒေသထွက် MSME ထုတ်ကုန်များနှင့် အစားအစာများ ခင်းကျင်းပြသရောင်းချမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဒုတိယမြို့တော်ဝန်တို့က ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြင်ဦးလွင်ခရိုင်အတွင်း အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းမှတ်ပုံတင် ပြုလုပ်ပေးနိုင်မှု လျာထားချက်ထက် ကျော်လွန်

ပြင်ဦးလွင် ဇန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြင်ဦးလွင်ခရိုင်အတွင်း လုပ်ငန်းမှတ်ပုံတင် အခု ၅၀ ဆောင်ရွက်ပေးရန် လျာထားခဲ့သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ လျာထားချက်ထက်ကျော်လွန်ကာ လုပ်ငန်းမှတ်ပုံတင် ၉၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြင်ဦးလွင်မြို့တွင် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းများအနေဖြင့် စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ စာပေပုံနှိပ်လုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်ပစ္စည်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ အထွေထွေလက်မှုလုပ်ငန်းများ လာရောက်လုပ်ဆောင်ကြပြီး လုပ်ငန်းမှတ်ပုံတင်ခြင်းများ ပြုလုပ်ပေးရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းများဆောင်ရွက်ပြီးမှသာ လုပ်ငန်းမှတ်ပုံတင် ပြုလုပ်ပေးခြင်းဖြစ်သည်။

အဆိုပါ မှတ်ပုံတင်သက်တမ်းသည် နှစ်နှစ်ဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများကို သမားရိုးကျရောင်းချခြင်းထက် လုပ်ငန်းမှတ်ပုံတင်ခြင်းဆောင်ရွက်ပြီး ရောင်းချပါက စားသုံးသူများ၏ယုံကြည်မှုကို ပိုမိုရရှိလာနိုင်သည့်အပြင် ပြည်တွင်းပြည်ပ ဈေးရောင်းပွဲတော်များတွင်လည်း ပါဝင်ခွင့်ရရှိနိုင်ပြီး ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး၏ MSME ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်အစားအစာများ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၂

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် တပေါင်းကွင်းတွင် ကျင်းပမည့် MSME ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသသည့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၏ MSME ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်အစားအစာများ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (၂)ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ခင်းကျင်းပြသသွားမည်

အစည်းအဝေး၌တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအနေဖြင့် One Region One Product အဓိကထုတ်ကုန်များနှင့် အခြားသော ထုတ်ကုန်များကို ပါဝင်ပူးပေါင်း ခင်းကျင်းပြသသွားမည်ဖြစ်ရာ လုပ်ငန်းများလစ်ဟာမှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုပ်ငန်းကော်မတီအလိုက်၊ ဆပ်ကော်မတီအလိုက် ယခင်အတွေ့အကြုံများအပေါ် လုပ်ငန်းကဏ္ဍများအလိုက် ပိုမိုကောင်းမွန်အောင် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေး

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက ပြခန်းများနှင့်ပတ်သက်၍လည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများမှ ကုန်ထုတ်ပစ္စည်းများ ခင်းကျင်းပြသရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းထွဋ်၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI)ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးမှုများနှင့် တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၂

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၂

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## သီရိလင်္ကာနိုင်ငံ ပြည်နယ်လေးခုတွင် ရင်းနှီးမြှုပ်နှံမှုဇုန်အသစ်များ ထူထောင်မည်



**ကိုလံဘို ဇန်နဝါရီ ၁၂**

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်မြောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုဇုန်သစ်များ တည်ထောင်ရန် အဆိုပြုချက်ကို သီရိလင်္ကာနိုင်ငံ၏ ဝန်ကြီးများအဖွဲ့က အတည်ပြုခဲ့ကြောင်း သီရိလင်္ကာနိုင်ငံအစိုးရ ပြန်ကြားရေးဌာနက ဇန်နဝါရီ၉ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ၂၀၂၄ ခုနှစ်ဘတ်ဂျက်သည် ပို့ကုန်ကိုဦးတည်သော စီးပွားရေးတည်ဆောက်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းယန္တရား ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် ဘင်ဂီရိယာဒေသရှိ လက်ရှိရင်းနှီးမြှုပ်နှံမှုဇုန်များနှင့် တောင်ပိုင်းပြည်နယ်ရှိ ဟမ်ဘန်တိုတာဒေသတို့ရှိ ရင်းနှီးမြှုပ်နှံမှုဇုန်များကိုလည်း တိုးချဲ့သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံ၌ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုဇုန်များနှင့် စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း လိုအပ်သော နည်းပညာအကူအညီများပေးရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံကို အခြေခံ၍ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန် အဆိုပြုချက်ကို သမ္မတ ဝီကရီမီဆင်းက သဘောတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




## ပါကစ္စတန်နိုင်ငံအား အသိပညာအခြေခံသည့် စီးပွားရေးနိုင်ငံဖြစ်လာရေး ပြင်ဆင်နေသည်ဟု ဝန်ကြီးချုပ်ပြောကြား

**အစ္စလမ်မာဘတ် ဇန်နဝါရီ ၁၂**

ပါကစ္စတန်နိုင်ငံသည် အသိပညာအခြေခံသည့် စီးပွားရေးနိုင်ငံဖြစ်လာရေး ပြင်ဆင်နေကြောင်း ပါကစ္စတန် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် Anwar-ul-Haq Kakar က ဇန်နဝါရီ ၁၁ရက်တွင် ပြောကြားခဲ့သည်။ပါကစ္စတန်အစိုးရသည် ၎င်း၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်ရေးအတွက် မျှော်မှန်းထားကြောင်း၊ နိုင်ငံအတွင်း အီလက်ထရွန်နစ်အလုပ်အကိုင်ရှာဖွေရေးစင်တာများ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ကျင်းပသည့် Tech Destination Pakistan အခမ်းအနားတွင် ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပါကစ္စတန်သည် သတင်းအချက်အလက်နည်းပညာနှင့် အိုင်တီသုံး ဝန်ဆောင်မှုများကို နိုင်ငံနှင့်ဒေသပေါင်း ၁၉၀ ကျော်သို့ တင်ပို့နေကြောင်း ၎င်းက ဆိုသည်။

ပါကစ္စတန်သည် မကြာသေးမီက အိုင်တီနှင့် အိုင်တီဝန်ဆောင်မှုများကို ဝန်ဆောင်မှုပေးရန်အတွက် ကမ္ဘာပေါ်တွင် ဒုတိယဘဏ္ဍာရေးအရ ဆွဲဆောင်မှုအရှိဆုံးနေရာအဖြစ် အဆင့်သတ်မှတ်လိုက်ကြောင်း ဝန်ကြီးချုပ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

Pakistan Software Export Board သည် နိုင်ငံတစ်ဝန်းရှိ ဆော့ဖ်ဝဲနည်းပညာဥယျာဉ်အရေအတွက်ကို ရှစ်ခုမှ ၃၀ သို့ တိုးမြှင့်လိုက်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အမေရိကန်တပ်ဖွဲ့ဝင်များက ဆီးရီးယားရှိ လောင်စာဆီများကို အီရတ်နိုင်ငံအတွင်းသို့ တရားမဝင် သယ်ဆောင်သွားခဲ့

**ဒမတ်စကတ် ဇန်နဝါရီ ၁၂**

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရေနံတွင်းများရှိ လောင်စာဆီများကို Al-Mahmudiyah တရားမဝင် နယ်စပ်ဖြတ်ကျော် ဂိတ်မှတစ်ဆင့် အီရတ်နိုင်ငံအတွင်းသို့ တရားမဝင် သယ်ဆောင်သွားခဲ့ကြောင်း ဆာနာ သတင်းအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အခြားတရားမဝင် နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် အယ်လ်ဝါလစ်ဂိတ်တွင်လည်း ယမန်နေ့က အလားတူဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့များသည် နိုင်ငံ၏ သယံဇာတများကို လုယက်ယူဆောင်လေ့ရှိကြောင်းနှင့် ယင်းကဲ့သို့သော လုယက်ယူဆောင်မှုများကြောင့် ဆီးရီးယားနိုင်ငံကို စီးပွားရေးအရ ထိခိုက်မှုများရှိခဲ့ကြောင်း ဆီးရီးယားအစိုးရက မှတ်ချက်ပြုပြောကြားသည်။ အမေရိကန်တပ်ဖွဲ့များ နိုင်ငံတွင်ရှိနေခြင်းဖြင့် နိုင်ငံ၏စွမ်းအင်ကဏ္ဍကို ကန်ဒေါ်လာ ၁၀၀ဘီလီယံခန့် ဆုံးရှုံးနစ်နာစေခဲ့ကြောင်း စွမ်းအင်ဝန်ကြီး ဖီရတ်ဟာဆန်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## ယီမင်အစိုးရကို ဆန့်ကျင်သည့် ဟူသီအဖွဲ့၏ပစ်မှတ်များကို အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်

**အေဒင် ဇန်နဝါရီ ၁၂**

ယီမင်အစိုးရကို ဆန့်ကျင်သည့် ဟူသီအဖွဲ့၏ပစ်မှတ်များကို အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အဆိုပါ ပူးတွဲတိုက်ခိုက်မှု အောင်မြင်ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ အဆိုပါလုပ်ရပ်သည် သင်္ဘောဖျက် ပဲ့ထိန်းဒုံးကျည်များ အသုံးပြုခြင်းအပါအဝင် ပင်လယ်နီရှိ နိုင်ငံတကာ ရေကြောင်းသွားလာရေးသင်္ဘောများကို ဟူသီအဖွဲ့၏တိုက်ခိုက်မှုအပေါ် တိုက်ရိုက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်ကို ခြိမ်းခြောက်ရန် ကြိုးပမ်းလျက်ရှိသည့် ဟူသီအဖွဲ့၏ ခြိမ်းခြောက်မှုများကို ရပ်တန့်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန် အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုတွင် ဟူသီအဖွဲ့၏ ဒုံးကျည်များ၊ ရေဒါများနှင့် မောင်းသူမဲ့လေယာဉ်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် တိုက်လေယာဉ်များနှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော တိုမာဟော့ခ်ခရုဇ်ဒုံးကျည်များကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။

ဟူသီအဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေးတပ်ဖွဲ့များအား ဟားမတ်စ်တို့၏ တိုက်ခိုက်ခြင်းကို ထောက်ခံအားပေးသည်ဟု ဆိုကာ ပင်လယ်နီရှိ ကုန်တင်သင်္ဘောများကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည်။

ဟူသီအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက်က ပဲ့ထိန်းဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းအပါအဝင် ယမန်နှစ် နိုဝင်ဘာ ၁၉ ရက်မှစပြီး တိုက်ခိုက်မှု ၂၇ ကြိမ် ပြုလုပ်ခဲ့ကြောင်း အမေရိကန် ဗဟိုဌာနချုပ်က ပြောကြားသည်။

ဇန်နဝါရီ ၁၁ ရက်တွင် လုပ်ဆောင်ခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းစစ်ဆင်ရေးသည် ဟူသီအဖွဲ့ အသုံးပြုသော ပစ်မှတ်များကို ပထမဆုံးအကြိမ် တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဟူသီသူပုန်များအနေဖြင့် နိုင်ငံတကာရေယာဉ်များကို ဆက်လက်တိုက်ခိုက်မည်ဆိုပါက နောက်ဆက်တွဲအကျိုးဆက်များကို တာဝန်ယူရမည်ဟု အမေရိကန်၊ ဂျပန်နှင့် ဗြိတိန် အပါအဝင် အခြားနိုင်ငံ ၁၂ နိုင်ငံက ပြီးခဲ့သည့် သီတင်းပတ်အတွင်း သတိပေးခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိ


**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို Drone များအသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်းသို့ ဝင်ရောက်နေရာယူ၍ အနိုင်အမာခံစစ်စခန်း ပြုလုပ်ခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများဖြင့် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ၂၀၂၃ ခုနှစ် မေ ၂၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ ဇွန် ၁၅ ရက်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဇောတိရာမ ပင်မကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ **စာမျက်နှာ ၁၅ သို့ ❍**



ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါဝမဟာစေတီကို Drone များအသုံးပြု၍ Drop Bomb ဖြင့် ပစ်ချခဲ့သဖြင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း)ပေါ်ရှိ စေတီတစ်ဆူအား သံတူဖြင့် ထုရိုက်ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။





ဇူလိုင် ၂ ရက်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဥကရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေးအဆောက်အအုံများအတွင်း ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





စက်တင်ဘာ ၂၆ ရက်တွင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။




ဒီဇင်ဘာ ၂၅ ရက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးမြို့ ယဉ်ကျေးမှု ပြတိုက်အား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဒီဇင်ဘာ ၁၃ ရက်တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျာသုခ ဘုန်းတော်ကြီးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





❍ စာမျက်နှာ ၁၄ မှ

ဇူလိုင် ၂ ရက်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဥကရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေး အဆောက်အအုံများအတွင်း ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများ ပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ စက်တင်ဘာ ၂၆ ရက်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို Drone များအသုံးပြု၍ Drop Bomb ဖြင့် ပစ်ချဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျာသုခဘုန်းတော်ကြီးကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် AA အကြမ်းဖက် သောင်းကျန်းသူများက မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု ပြတိုက်အား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျောက်စာချပ်များ ပျက်စီးခဲ့ခြင်းနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏ မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း(ဆင်ဦးကင်းကုန်း) ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား အကြမ်းဖက်သမားများက သံတူဖြင့်ထု၍ စေတီအား ဖြိုချဖျက်ဆီးခဲ့ခြင်း စသည်ဖြင့် ဘာသာတရားအပေါ် အကြမ်းဖက်မှုများ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို မိုက်ရိုင်းစော်ကားစွာ ဖျက်ဆီးလျက်ရှိသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ အနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ဇွန် ၁၅ ရက်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဇောတိရာမ ပင်မကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်း အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို Drone များအသုံးပြု၍ Drop Bomb ဖြင့် ပစ်ချခဲ့သဖြင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက် သောင်းကျန်းသူများက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို Drone များ အသုံးပြု၍ Drop Bomb ဖြင့် ပစ်ချခဲ့သဖြင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဧပြီ ၂၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း အတွင်းသို့ ဝင်ရောက် နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဧပြီ ၂၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများ ပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တောင်ကြီးမြို့၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ကျောက်ပန်းတောင်းမြို့၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ မြို့တော်ခန်းမရှေ့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စုဋ္ဌာမုနိ လောကချမ်းသာဘုရားစေတီရင်ပြင်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌ လည်းကောင်း၊ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားဝင်းအတွင်း၌ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာရပ်ကွက် ကန်သာကန်၌လည်းကောင်း ကျင်းပပြုလုပ်ကြရာ သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ့ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက " သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ ဗုဒ္ဓသာသနာအား အကြမ်းဖက်ဖျက်ဆီးနေသော သူပုန်များ(ကျရှုံးပါစေ)၊ လူသတ်အကြမ်းဖက်သူပုန်မှန်သမျှ(ဆန့်ကျင်ကြ)၊ ဗုဒ္ဓသာသနာကို အကြမ်းဖက်ဖျက်ဆီးနေသော လူသတ်မိစ္ဆာသူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား ဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက် မိစ္ဆာသောင်းကျန်းသူများ(ကျရှုံးပါစေ)၊ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီများအား စော်ကားဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီးစော်ကားသူများအား(ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား(အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများ(အလိုမရှိ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲများသို့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများ တစ်ခဲနက် တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောင်ပုရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွာသားနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တောင်ပုကျေးရွာကို ဇန်နဝါရီ ၁၀ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျေးရွာအတွင်း ဝင်ရောက်လာပြီး တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံရွာသား နှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်းနှင့် ဒေသခံများထံမှ ငွေကြေးများ ခြိမ်းခြောက် ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြေပြင်သတင်းအရင်းအမြစ်များနှင့် သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တောင်ပုကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်မှုမရှိကြောင်း၊ ယင်းရက်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြိတ်မြို့ မဇောကျေးရွာအုပ်စု လက်မဲကျေးရွာရှိ ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။




ထိုသို့ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အနီး ကြက်ရိုးကုန်းရွာကို တပ်မတော်စစ်ကြောင်းတစ်ခုက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရွာကို အကြောင်းမဲ့ လာရောက်မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စစ်ကိုင်း တိုင်းဒေသကြီး ဘုတလင်မြို့အနီး ကြက်ရိုးကုန်းရွာကို ယနေ့နံနက် ၇ နာရီတွင် တပ်မတော်စစ်ကြောင်းတစ်ခုက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရွာကို အကြောင်းမဲ့ လာရောက်မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ကြက်ရိုးကုန်းကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး လူသစ်စုဆောင်းခြင်း၊ ခြိမ်းခြောက်ငွေတောင်းခံခြင်းများ ပြုလုပ်နေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သဖြင့် အကြမ်းဖက်သမားများက ကျေးရွာရှိ လူနေအိမ်အချို့အား မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။




PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ လူနေအိမ်များမီးရှို့ခြင်းကို မကြာခဏ လုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်က လုပ်ဆောင်သည်ဟု လုပ်ကြံရေးသားကာ ဒေသခံပြည်သူများက တပ်မတော်သားများ အပေါ် အထင်အမြင် လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများ ရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Min Khant " Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာကျေးရွာနေ မျိုးမင်းခန့်(ခ)အူဝဲအား မွန်းလွဲ ၁၂ နာရီခွဲတွင် မြို့သာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

အမျိုးသားဘောလုံးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃) ၌ တောင်ကြီးဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်း၊ ဒဂုံဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(ယာပုံ)**

အဆိုပါ အမျိုးသားဘောလုံးပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့သည် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး မော်လမြိုင်ဇုန်အသင်းက ဒဂုံဇုန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်အဖြစ် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲနှင့် အမျိုးသမီးတန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသမီးလုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ကျင်းပကြသည်။

ယင်းပြိုင်ပွဲများ၏ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မောင်စောရန်နိုင် (ဟသ်ာတတက္ကသိုလ်)က ပထမ၊ မောင်ကောင်းခန့်ဇော် (တောင်ငူတက္ကသိုလ်)က ဒုတိယ၊ မောင်အောင်ကျော်မင်း (ဒဂုံတက္ကသိုလ်)က တတိယ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မဆုချမ်းမြေ့ကျော် (ဒဂုံတက္ကသိုလ်)က ပထမ၊ မသိမ့်သဉ္ဇာဦး (ဒဂုံတက္ကသိုလ်)က ဒုတိယ၊ မသီရိညို (စစ်ကိုင်းပညာရေးတက္ကသိုလ်)က တတိယ၊ အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မောင်ကျော်လွင်ဦး (ဟသ်ာတတက္ကသိုလ်)က ပထမ၊ မောင်ကောင်းမြတ်ကျော် (မော်လမြိုင်တက္ကသိုလ်)က ဒုတိယ၊ မောင်ခန့်ဝဿန်ဝင်းလွင် (တောင်ကြီးတက္ကသိုလ်)က တတိယ၊ အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မသီရိနိုင် (ရတနာပုံတက္ကသိုလ်)က ပထမ၊ မယိမ်းတန့် (မြစ်ကြီးနားတက္ကသိုလ်)က ဒုတိယ၊ မဖြိုးဖြိုးအောင် (တောင်ကြီးတက္ကသိုလ်)က တတိယ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် မောင်ဝေယံကျော် (ဟသ်ာတတက္ကသိုလ်)က ပထမ၊ မောင်ဟိန်းမင်းထက် (တောင်ကြီးတက္ကသိုလ်)က ဒုတိယ၊ မောင်နေဝင်းဦး (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) က တတိယ၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် မအေးအေးဖြူ (တောင်ကြီးတက္ကသိုလ်)က ပထမ၊ မခင်မိုးဝေ(တောင်ကြီး တက္ကသိုလ်)က ဒုတိယ၊ မထက်ထက်နိုင် (မိတ္ထီလာတက္ကသိုလ်)က တတိယဆုရရှိကြသည်။

ထို့ပြင် အမျိုးသား လုံးတံပစ်ပြိုင်ပွဲတွင် မောင်နန်းထက်မောင် (မန္တလာတက္ကသိုလ်)က ပထမ၊ မောင်ချမ်းငြိမ်း (ရန်ကုန်ပညာရေးတက္ကသိုလ်)က ဒုတိယ၊ မောင်အောင်ဖုန်းမြင့် (မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)က တတိယ၊ အမျိုးသမီးလုံးတံပစ်ပြိုင်ပွဲတွင် မဇာနည်ဝင်း (ဒဂုံတက္ကသိုလ်)က ပထမ၊ မအိရွှေစင်(ဒဂုံတက္ကသိုလ်)က ဒုတိယ၊ မသက်ထက်သံစဉ် (ဘားအံတက္ကသိုလ်)က တတိယ၊အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းက ပထမ၊ ဒဂုံတက္ကသိုလ်အသင်းက ဒုတိယ၊ တောင်ကြီးတက္ကသိုလ်အသင်းက တတိယ၊ အမျိုးသမီးမီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းက ပထမ၊ ဒဂုံတက္ကသိုလ်အသင်းက ဒုတိယနှင့် မော်လမြိုင်တက္ကသိုလ် အသင်းက တတိယဆု ရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများအပြီးတွင် တာဝန်ရှိသူများသည် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌လည်းကောင်း၊ အမျိုးသား၊အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B)ရုံ၌ လည်းကောင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ လည်းကောင်း ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**









## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၀၇) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဂန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နိုင်ငံ့ဂန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ပြည်ပသင်တန်း အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စင်ကာပူနိုင်ငံတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ၁၄ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည့် 5th Anti-Corruption Executive Programme သင်တန်းသို့ တက်ရောက်ခဲ့သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ အရာထမ်းတစ်ဦးက ပြည်ပသင်တန်းအတွေ့အကြုံရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်းပွဲသို့ ကော်မရှင်အတွင်းရေးမှူးနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အဆင့်မြင့် အရာရှိကြီးများနှင့် ကော်မရှင်ရုံးရှိ အရာထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက ပြည်ပနိုင်ငံများသို့ သင်တန်းများတက်ရောက်ရာ၌ သင်ခန်းစာများအား သေချာစွာ လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ကောင်းမွန်သည့် အလေ့အထများကို အတုယူ၍ ကြိုးစားလေ့လာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သင်တန်းတက်ရောက်ရာတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းနှင့်မိမိ၏ထင်မြင်ယူဆချက်များကို တင်ပြနိုင်သည့် အရည်အချင်းများရှိရန်အတွက် ကြိုးစားလေ့လာကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်သော်နိုင်က 5th Anti-Corruption Executive Programme သင်တန်းမှ သင်ကြားပို့ချခဲ့သည့် စင်ကာပူနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် Asset Recovery ကိစ္စရပ်များ၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များ၊ နည်းပညာသစ်များ၊ အများပြည်သူဆိုင်ရာကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ကော်မရှင်အတွင်းရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



✻ **အိုဆာဆူနာအသင်းမှ**

ဘာစီလိုနာအသင်းနဲ့ အိုဆာဆူနာအသင်းတို့ဟာ လက်ရှိစပိန်လာလီဂါအမှတ်ပေးဇယားမှာ ဘာစီလိုနာအသင်းက အဆင့်(၃)နေရာမှာ ရပ်တည်လျက်ရှိပြီး အိုဆာဆူနာအသင်းကတော့ အဆင့်(၁၂) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**စပိန်စူပါဖလား**

စပိန်စူပါဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ အိုဆာဆူနာအသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ဘာစီလိုနာအသင်းအနေနဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

စပိန်လာလီဂါပြိုင်ပွဲရဲ့ နာမည်ကြီးအသင်းတွေဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ စပိန်စူပါဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ ဇန်နဝါရီ ၁၅ ရက်မှာ ဆော်ဒီအာရေဗျနိုင်ငံ အယ်လ်ဟီလယ်အားကစားကွင်းအတွင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ချော်တွင်းကုန်း တုလွတ်အောင်မြေကျောင်း ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိလာသ(သာသနဓဇဓမ္မာစရိယ) ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချော်တွင်းကုန်း တုလွတ်အောင်မြေကျောင်း ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိလာသ(သာသနဓဇဓမ္မာစရိယ) သက်တော်(၉၄)နှစ်၊ သိက္ခာ(၇၄)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် ပြာသိုလဆန်း ၂ ရက် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း “Robusta” ကော်ဖီမျိုးစေ့ ပေးအပ်ပွဲနှင့် ပျိုးထောင်နည်း၊ စိုက်ပျိုးနည်းပညာပေးသင်တန်းသို့ တက်ရောက်ချီးမြှင့်

ပဲခူး ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း (၃၆/၄)ရှိ ကြယ်နီသုံးလုံးရော်ဘာစက်ရုံ၌ ကျင်းပသည့် “Robusta” ကော်ဖီမျိုးစေ့ပေးအပ်ပွဲနှင့် ပျိုးထောင်နည်း၊ စိုက်ပျိုးနည်းပညာပေးသင်တန်းသို့ တက်ရောက်ချီးမြှင့်သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယခုဖြန့်ဖြူးပေးမည့် “Robusta” ကော်ဖီမျိုးသည် တစ်ဧကလျှင် ၂ ဒသမ ၈၄ တန် ထွက်ရှိနိုင်သဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိုက်ပျိုးထားသော နှစ်ရှည်ပင်၊ သစ်တောစိုက်ခင်းများတွင် ကြားသီးနှံကော်ဖီကို လာမည့်မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ဧက ၁၀၀၀ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက “Robusta” မြေနိမ့်ကော်ဖီစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စိုက်နည်းစနစ်များနှင့် အကျိုးအမြတ်ရရှိနိုင်သည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးခရိုင်နှင့် တောင်ငူခရိုင် ကိုယ်စားပြု ကော်ဖီစိုက်ပျိုးမည့် လုပ်ငန်းရှင်များအား လည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်ကိုယ်စားပြု ကော်ဖီစိုက်ပျိုးမည့် လုပ်ငန်းရှင်များအား လည်းကောင်း ကော်ဖီမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော်ဖီအစေ့ပျိုးထောင်မှုအခြေအနေနှင့် ရော်ဘာစိုက်ခင်းအတွင်း “Robusta” မြေနိမ့်ကော်ဖီ သုံးနှစ်သား စိုက်ပျိုးထားရှိမှု၊ အပွင့်/အသီး စတင်နေမှုအခြေအနေများကို လက်တွေ့ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမည့်ကော်ဖီလုပ်ငန်းရှင်များအား လက်တွေ့ရှင်းလင်းသရုပ်ပြပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချော်တွင်းကုန်း တုလွတ်အောင်မြေကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိလာသ(သာသနဓဇဓမ္မာစရိယ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**


ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ထောက်ရှာကုန်းကျေးရွာ ခမည်းတော် ဦးသာဆိုင်+ မယ်တော် ဒေါ်လှပိုင်းတို့မှ ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၁ ခုနှစ် နယုန်လဆန်း ၁၂ ရက်နေ့တွင် ကံမမြို့နယ် ဂိုဏ်းအုပ်ဆရာတော် ထန်းလေးပင်ရွာကျောင်း ဘဒ္ဒန္တပုညသာမိကို ဥပဇ္ဈာယ်ပြုလျက် ထောက်ရှာကုန်းကျောင်း ခဏ္ဍသိမ်၌ ခမည်းတော် ဦးသာဆိုင်နှင့် သမီးကြီး ဒေါ်ကျင်စိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကံမမြို့နယ် ထောက်ရှာကုန်းကျောင်း ဆရာတော်၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းဆရာတော်၊ ပေါင်းတည်မြို့ မြတ်စောညီနောင်ဆရာတော်၊ သထုံမြို့ လယ်ဝန်ကျောင်းဆရာတော်၊ ရန်ကုန်မြို့ ကံဘဲ့ကျောက်ကုန်းတောရမေဒိနီ ဆရာတော် ဘဒ္ဒန္တအာဠဝရ၊ ဇဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မန္တလေးမြို့ ဘုရားကြီးတိုက် ဘဒ္ဒန္တဥက္ကံသ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။



**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါအရ ၁၃၈၅ ခုနှစ် ပြာသိုလဆန်း(၂)ရက်၊ (၁၂-၁-၂၀၂၄)၊ သောကြာနေ့၊ နံနက် (၀၇:၂၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်၌ စာသင်ကျောင်းအခြေပြု မျက်စိအမြင်အာရုံအားနည်းမှုရှိသော ကျောင်းသား ကျောင်းသူများအား မျက်မှန်ပံ့ပိုးပေး

မော်လမြိုင် ဇန်နဝါရီ ၁၂

မွန်ပြည်နယ်၌ ကျောင်းအခြေပြု မျက်စိအမြင်အာရုံ အားနည်းမှုရှိသော ကျောင်းသား ကျောင်းသူများအား မျက်မှန်ပံ့ပိုးပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက ဝမ်းမြောက်စကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ မျက်မှန်လိုအပ်သူ ကျောင်းသား ကျောင်းသူ ၁၄၈ ဦးအတွက် မျက်မှန်များအား တာဝန်ရှိသူများက ပေးအပ်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက မျက်မှန်များကို တပ်ဆင်ပေးသည်။

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းကျန်းမာရေး လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုနောက်ပိုင်းတွင် စာသင်ကျောင်းအခြေပြု မျက်စိစစ်ဆေးခြင်း လုပ်ငန်းများကိုပါ ထည့်သွင်းဆောင်ရွက်လာခဲ့ရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူအားလုံးကို မျက်စိအမြင်အာရုံချို့ယွင်းမှု ရှိ၊ မရှိ၊ အဝေးမှုန်ခြင်း ရှိ၊ မရှိ၊ အနီးမှုန်ခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးခဲ့ရာ မူလတန်း ၂၆၃၀၁၃ ဦး၊ အလယ်တန်း ၅၆၆၉၀၊ အထက်တန်း ၂၂၁၉၀ စုစုပေါင်း ၃၄၁၈၉၃ ဦးကို စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**ခင်စန်းမြင့်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇန်နဝါရီ ၁၂

လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၂

တနင်္သာရီ တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)နှင့် အများသိစေရန်ကြေညာခြင်း

၁။ ARENA (အာဆီယံ အိမ်ခြံမြေကွန်ရက် မဟာမိတ်အဖွဲ့)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု အမျိုးသားအိမ်ခြံမြေဝန်ဆောင်မှု အသင်းတစ်သင်းစီပါဝင်သော ဒေသတွင်းအိမ်ခြံမြေအုပ်စု အဖွဲ့တစ်ခုဖြစ်ပါသည်။ ARENA တွင် ယခုလက်ရှိ အဖွဲ့ဝင်နိုင်ငံများအဖြစ် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ပါဝင်ပါသည်။ အောက်ဖော်ပြပါ အမှတ်တံဆိပ်သည် ARENA ၏ အမှတ်တံဆိပ်ဖြစ်ပါသည်-

ARENA
ASEAN REAL ESTATE NETWORK ALLIANCE

၂။ ARENA သည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)ကို မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသားအိမ်ခြံမြေဝန်ဆောင်မှုအသင်းအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (MRESA)၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်း [၁၂/စခန(နိုင်)၀၂၆၈၁၃]ကိုလည်း ARENA ဥက္ကဋ္ဌများကောင်စီမှ ဥက္ကဋ္ဌတစ်ဦးအဖြစ် တရားဝင် အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

၃။ ARENA သည် ARENA ၏ အမည်နှင့် အထက်ဖော်ပြပါအမှတ်တံဆိပ်ကို ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)က တရားဝင်ရွေးချယ်ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များကိုသာ တရားဝင်အသုံးပြုရန် ခွင့်ပြုထားပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ မည်သည့်အသင်းအဖွဲ့တစ်ရပ်ရပ်ကိုဖြစ်စေ ထိုသို့အသုံးမပြုရန် တားမြစ်ထားပါသည်။

၄။ အထက်ဖော်ပြပါအချက်များကို ARENA ၏ ကိုယ်စားအထွေထွေအတွင်းရေးမှူးချုပ် SOMA SUNDRAN ကိုယ်တိုင် (၁၁-၈-၂၀၂၃)ရက်စွဲပါစာဖြင့် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာသို့ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအနေဖြင့် အထက်ဖော်ပြပါ ARENA အမှတ်တံဆိပ်ကို မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်၍ အသုံးပြုနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

၅။ သို့ဖြစ်၍ ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)က တရားဝင်ရွေးချယ်ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များလွဲ၍ အခြားမည်သူမဆို ARENA ၏ အမည်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို အသုံးပြုပါက တရားဝင်လိမ့်မည်မဟုတ်ကြောင်းနှင့် ထိုသို့အသုံးပြု၍ အကျိုးဆက်တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အသုံးပြုသူသာလျှင် တာဝန်ယူရလိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**MRESA ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဦးသက်ကိုကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၆၄/၃၀-၇-၂၀၁၉)**
**အမှတ်(၁၀၇)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၂-လမ်း၊ အပိုင်း (၃)၊ အမှတ် (၈၃၆)၊ အခန်းနံပါတ် (၉/ဘီ)ဟုခေါ်တွင်သော ၁၁-½ ပေ X ၄၇ ပေ အကျယ်အဝန်းရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေးကြည်မြင့် (၁၂/သဃက (နိုင်) ၀၉၅၉၄၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးအောင်သန်း (B.Com, R.L., D.E.P)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၈၀၉/၈၄)
အမှတ် (၆/၄၈၅)၊ ကင်းဝန်မင်းကြီးလမ်း၊ မြို့မ(၄)ရပ်ကွက်၊ ဒလမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၄၃၀၉၅၂၄၃၂

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်နေ (ဦးသိန်းဝင်း)-ဒေါ်ကေသီမိုးတို့၏ သားဖြစ်သူ မောင်ခန့်ဝင်းပိုင်[၁၀/မလမ(နိုင်)၂၄၁၈၉၀] ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ထင်ရာစိုင်းနေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသီမိုး[၁၂/မဂတ(နိုင်)၀၆၆၂၈၄]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၄၁၁)၊ စတုတ္ထထပ်(၅-လွှာ)(ညာ)တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်မိမိဦး [၁၂/ဥကတ(နိုင်)၀၆၀၄၆၂]မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လျှုဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇင်လတ် [၅/ဝသန(နိုင်)၀၅၁၂၅၉]အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား(စရန်ငွေ)အဖြစ် ဒေါ်မိမိဦးထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ .**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) (စဉ် -၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English PGDCWE, DL-DIP**
**(101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၅၄၃/က၊ ၅၄၄/ခ)၊ စတုတ္ထထပ်(၅-လွှာ)ခေါင်းရင်းခန်းတိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်မြင့်မြင့်စိန်[၁၂/သဃက(နိုင်)၀၄၇၈၅၆] မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်သဉ္ဇာ [၁၄/တစန(နိုင်)၀၈၅၂၉၀] အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်မြင့်မြင့်စိန်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) (စဉ် - ၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English PGDCWE, DL-DIP**
**(101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၈)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၃၇၄/က) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ဦးကြည်ထွန်း အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးစန္ဒီအောင် [၁၄/အမန(နိုင်)၁၇၉၂၃၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမျိုးလှိုင်ဝင်း [၅/ရဥန(နိုင်)၀၉၄၈၆၄] သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၁၁-၁-၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးအောင်မျိုးချစ် ( LL.B ) | ဒေါ်သက်ဝေအောင် ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၆၂၇၄ ) | အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆) |

**တိုက်( B-8 )၊ အခန်း (၂၀၄ )၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ( ၄၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph; 09778849700, 09773562082**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်လန်းအုပ်စု၊ ဘုန်းကြီးကုန်းကျေးရွာနေ ဒေါ်နှင်းအိဖြူ (ဘ) ဦးတင်မိုးအောင် [၁၂/ကခက(နိုင်)၀၇၄၈၉၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူနှင့် ပတ်သက်၍ ဆက်သွယ်ရေးအော်ပရေတာမှတစ်ဆင့် လူမှုကွန်ရက်အမျိုးမျိုးကိုအသုံးပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ယခင်အသုံးပြုထားသော Facebook Account (Pann Zakar War)အမည်အား နှင်းအိဖြူ အမည်သို့ ပြောင်းလဲကာ လူတစ်ဦးတစ်ယောက်က ၎င်း Facebook Account ကိုအသုံးပြုပြီး မဟုတ်မမှန်ရုပ်ပုံများ၊ စာသားများဖြင့် ဂုဏ်သိက္ခာကျဆင်းစေရန်လည်းကောင်း၊ အကျိုးစီးပွားထိခိုက်နစ်နာစေရန် အကြံနှင့်လည်းကောင်း၊ ထိုလူတစ်ဦးတစ်ယောက်က ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန်အကြောင်းအရာများ (စကားရပ်များ၊ သတင်းအမှားများ)အား ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်းများကို လူမှုကွန်ရက်များပေါ်တွင် ပြုမူဆောင်ရွက်နေကြောင်း တွေ့မြင်ကြားသိနေရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မနှင်းအိဖြူ၏ Facebook Account အား ခွင့်ပြုချက်မရှိဘဲ လူတစ်ဦးတစ်ယောက်မှ ဓာတ်ပုံများ၊ မိသားစုဓာတ်ပုံများနှင့် အခြားအကြောင်းအရာများကို အလွဲသုံးစားအသုံးပြု၍ မဟုတ်မမှန်သော (စကားရပ်များ၊ သတင်းအမှားများ)ကို ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ၊ နောက်နောင်ဖြစ်စေ၊ ဆက်သွယ်ရေးအော်ပရေတာမှတစ်ဆင့် လူမှုကွန်ရက်တစ်ခုခုကို အသုံးပြု၍ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားအရ**

| | |
|---|---|
| ဦးရာဇာမင်း (LL.B, C.B.L) | ဒေါ်နုနုရီ(LL.B) |
| (စဉ်- ၁၅၃၄၆) | (စဉ်- ၅၅၂၇၁) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၂၇/အေ)၊ ပထမထပ်၊ ပေ(၅၀)လမ်း၊ (၃)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၀၄၈၁၈၁၉၂ ၀၉-၇၅၅၁၄၅၄၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၉)လမ်း၊ အမှတ် (၁၁၄)၊ တတိယထပ်(၄-လွှာ) ခေါင်းရင်းခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ် အားလုံး တို့သည် ဒေါ်ရီရီဝင်း [၁၂/လကန(နိုင်)၀၀၂၁၈၄] မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်စုမြတ်မွန် [၅/မရန(နိုင်)၁၆၀၈၂၄]အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ) အဖြစ် ဒေါ်ရီရီဝင်းထံပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်း၏အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင်(တရားလွှတ်တော်ရှေ့နေ) (စဉ် - ၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English PGDCWE, DL-DIP**
**(101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

## DREAM

ဆိုဖာ ဆက်တီ ဒီဇိုင်း မျိုးစုံကို အိမ်တိုင် ရာရောက် ပြုပြင် ပေးနေပါသည်။

**Ph:09-5060996**

## ပတ်စ်ပို့ပျောက်

ကျွန်မ မရွှေလင်းဒွေး[၁/ပတအ(နိုင်)၀၆၆၁၃၁]၏ ပတ်စ်ပို့နံပါတ်(MG-972220) မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၁၁၆၉၀၁**

## အမည်ပြောင်း

အဖ ဦးအောင်ဇော်လွင်[၁/မကတ(နိုင်)၁၁၅၃၇၃]၏ သမီး မြစ်ကြီးနားမြို့၊ Juniper Aspire Academy၊ KG တန်းမှ မနှင်းယုယုလွင်အား မထက်ရတီလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု၊ ခန်ယာန်ကျေးရွာနေ မနိန်ရန်ဂျာမြတ်[၁/ဝမန(နိုင်)၁၂၅၆၈၈] ၏ ဖခင်အမည်မှန်မှာ ဦးဂွမ်ဆိုင်းဖြစ်ပါသည်။

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့၊ မုရောင်းကျေးရွာအုပ်စု၊ မုရောင်းကျေးရွာနေ ဦးဝင်းမော်၏သား မောင်ထွန်းအောင်မော်[၈/ပခက(နိုင်)၂၃၁၀၇၂]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၀၅၅၆၂၂၁**

## အများသိစေရန် ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်-ဃ၊ မြေကွက်အမှတ်-၁၆၃/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၁၆၃/က)၊ (ဃ)ရပ်ကွက်၊ ဦးမြလွင် [၁၂/ဥကမ(နိုင်)၀၂၁၁၄၄] အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးမြလွင်ထံမှ ပိုင်ဆိုင်မှုစာချုပ်အမှတ်- ၆၆၅၈/၂၀၂၃/၂၆-၇-၂၀၂၃ ဖြင့် ရရှိသူ ဦးမြင့်နိုင် [၁၂/ဥကမ(နိုင်)၀၃၁၉၂၁] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၈၉၂၃/၂၀၂၂/ ၁-၆-၂၀၂၂ ဖြင့် ရရှိသူဦးသန်းမင်း [၁၂/ ဥကမ(နိုင်)၁၀၆၆၁၆]မှ ဂရန်မိတ္တူလျှောက်ထားခြင်းအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ရန် ကန့်ကွက်မရှိသောကြောင့် အမှုတွဲအမှတ်- မဥ/ဂရန် (မိတ္တူ) ၂၀၂၃၀၂၀၃၉၄/၂၀၂၃ (၈-၈-၂၀၂၃ )ဖြင့် ဂရန် (မိတ္တူမှန်) လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်- မဥ/ဃ-၉၁၃/၉၃(၃၀-၁၁-၉၃) ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းစိန်(စစ်တွေ)

**အသက်(၉၅)နှစ်**

**ဆက်သွယ်ရေးအင်ဂျင်နီယာ(ငြိမ်း)**

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ (ဦးကျောက်တောင်-ဒေါ်ချင်းခိုင်) တို့၏သား၊ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဒေါ်အေးစန္ဒာ(ဒေါ်လီ)၊ ဒေါ်သန်းသန်းညွန့်၊ ဦးအောင်ထွန်းသိန်း (ပြည်နယ်တရားလွှတ်တော် တရားသူကြီး)-ဒေါ်တင်တင်သိန်း၊ ဒေါ်ညိုညိုခင်(အထက-မင်းဂံ)၊ ဒေါ်မြတ်မြတ်စံ (အထက-၁) (ဒဂုံ)တို့၏ ဖခင်၊ ကိုထက်အောင်ကျော်-ဒေါက်တာ ခင်သန္တာဦး၊ ဒေါက်တာသူဇာတင်၊ မခင်ဥမ္မာသိန်း တို့၏ အဘိုး၊ မောင်သိဒ္ဓိဦး၏ အဖိုးဖြစ်သူသည် ၁၂-၁-၂၀၂၄ ရက်နေ့၊ မွန်းလွဲ (၁:၄၀)နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၄ (တနင်္ဂနွေနေ့)၊ မွန်းလွဲ(၂)နာရီ အချိန်တွင် စစ်တွေအာကျိတ်တော်ကုန်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

## ဦးခင်စိုး(မော်လမြိုင်)

**ကန်တော့ခံအဘိုး**

**အသက်(၈၉)နှစ်**

မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ခရေရိပ်သာ(၇)လမ်း၊ အမှတ်(၅၃)နေ (ဦးဘသင်-ဒေါ်သိန်းရင်)တို့သား၊ ရန်ကုန်မြို့နေ ဒေါ်ကျင်မြင့်၏ခင်ပွန်း၊ ဦးသက်စိုး-ဒေါ်ငြိမ်းငြိမ်းလွင်၊ ဦးဉာဏ်စိုး-ဒေါ်အေးအေးစိုး၊ ဦးဝင်းပေါ်၊ ဦးဝင်းကျော်-ဒေါ်ရန်ရန်ရှင်း၊ ဒေါ်မိုးပွင့်စိုးတို့၏ဖခင်သည် ၁၀-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၁-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ/အသင်းသားများ သိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့(လပွတ္တာမြို့နယ်အသင်း)

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးရွှေသန်း(ငြိမ်း)

**အသက်(၉၄)နှစ်**

၁၀-၁-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် မမြင့်၊ မိသားစုတို့နှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**ဗိုလ်မှူး အောင်အောင်(ငြိမ်း) - ဒေါ်ခင်မမ**

**(ခလရ ၅၂၊ နာဂတောင်တန်း၊**

**၁၉၆၈ မှ ၇၁ အထိ**

**တပည့်များနှင့် မိသားစုများ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဝဏ္ဏကျော်ထင်ဗိုလ်မှူးကြီးရွှေသန်း(ငြိမ်း)

**ရဲချုပ်(ငြိမ်း)မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

**အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

**အသက်(၉၄)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးရွှေသန်း(ငြိမ်း) အသက်(၉၄)နှစ်သည် ၁၀-၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွား ပါ၍ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**

**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာစက်မှုရပ်ကွက်၊ မြေကွက်ကြီးအမှတ်(၆)၊ နဝရတ်ရေစင်(၁)လမ်း၊ အမှတ်- ၃၃၀၊ မြေအကျယ် (၄၀x၆၀)ပေ၊ ဒေါ်သန်းရီ အမည်ပေါက် စလစ်မြေအမျိုးအစား မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲဝင့် [၇/တငန(နိုင်)၀၀၅၀၀၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြင့် [၁၄/လမန(နိုင်)၀၇၁၇၇၉]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှဝင်းနွယ်(စဉ်-၉၆၈၉) ဒေါ်အေးမြသွယ်(စဉ်-၁၃၇၆၉)**

**(တရားလွှတ်တော်ရှေ့နေများ)**

**ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊**

**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၂၅၀၀၅၀၈၈၄၊ ၀၉-၄၂၁၁၇၂၁၀၁**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြ

**အသက် (၉၀)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၂၆)နေ (ဦးသာအေး-ဒေါ်အေးရင်) တို့၏သမီး၊ (ဦးငွေ-ဒေါ်အေးရှင်)တို့၏ သမီးချွေးမ၊ (ဒေါ်သန်းသန်း)၊ (ဦးကျော်မြင့်-ဒေါ်ခင်သောင်း)တို့၏ညီမ၊ (ဦးအောင်ခင်)၊ (ဒေါ်ခင်စိန်)၊ (ဦးသောင်းငြိမ်း)-ဒေါ်အေးစိန်၊ ဦးတင်ဝင်း-ဒေါ်ခင်မေအေး၊ (ဆရာမကြီးဒေါ်ဟန်စု)၊ ရှမ်းချောင်းနေ ဒေါ်ကြိုင်တို့၏အစ်မ၊ (ဦးကြည်စိုး)၏မိခင်၊ (ဦးအုန်းလှိုင်)၏ဇနီးသည် ၁၀-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၁-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘလှအေး

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**အမှုဆောင်အဖွဲ့ဝင်**

**မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အိမ်အမှတ် (၁၄၈/ယူ)၊ အေဝမ်းခြံလမ်းနေ ဒေါ်တင်အေးကြူ၏ ခင်ပွန်း၊ မောင်အောင်ကျော်လွင်(Switzerland)၊ မောင်ညီလင်းပြည့်(ATOM-Myanmar)တို့၏ဖခင် ဦးဘလှအေးသည် ၁၁-၁-၂၀၂၄(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၄ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၁၄၈/ယူ)၊ အေဝမ်းခြံလမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန့်စင်

**အသက်(၆၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးထွန်းဝင်း-ဒေါ်ညွန့်မေ)တို့၏ သား၊ (ဦးသိန်းဆောင်-ဒေါ်မြဝင်း) တို့၏ သားသမက်၊ (ဦးကျော်ဇေယျ)-ဒေါ်မြတ်မွန် (ICEC ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏မောင်၊ ဒေါ်အေးအေးပြုံး (ကျောင်းဆရာမ-ငြိမ်း)၏ခင်ပွန်း ဦးသန့်စင်သည် ၁၁-၁-၂၀၂၄ (ကြာသပတေးနေ့) ည ၁၁:၅၀ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၆၃၅)၊ ပန်းတဉ်းတန်း (အောက်ကြည့်မြင်တိုင်လမ်း) ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်နေအိမ်မှ ကားများ ၁၃-၁-၂၀၂၄ ရက် နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်စိုး

**အသက်(၈၉)နှစ်**

အစ်ကိုကြီး ဦးဉာဏ်စိုး (ဆည်မြောင်း)၊ သူငယ်ချင်း ဒေါ်အေးအေးစိုး(လမ်းဦးစီးဌာန)တို့၏ ဖခင်ကြီး ဦးခင်စိုး အသက်(၈၉)နှစ်သည် ၁၀-၁-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**သူငယ်ချင်း ဦးဝင်းနိုင်ဦး၊ Dr စပယ်ဖြူလွင်(မြို့/အိုး)**




## “ဘဝနတ်ထံပျံလွန်တော်မူခြင်း”

## နိုင်ငံတော် ပြဝါဒါစရိယဆရာတော်

## ဘဒ္ဒန္တဝိလာသ

## သိက္ခာတော် (၇၄)ဝါ၊ သက်တော်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ ချော်တွင်းကုန်း၊ တုလွတ်အောင်မြေကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်ပြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိလာသ မထေရ်မြတ်သည် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်) ၁၂-၁-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၇:၂၀ နာရီတွင် တစ်ဘဝတစ်ခန္ဓာ ချုပ်ငြိမ်းပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျောင်းတိုက်တပည့်သံဃာနှင့် ဒါယကာ ဒါယိကာမများ

## ဦးချစ်မောင် (မြင်းပျံမုန့်တိုက်)

**အသက် (၉၇)နှစ်**

ရန်ကုန်မြို့နေ (ဦးအေး-ဒေါ်စောညွန့် )တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၅၈၂/၅၈၉)၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်နေ [ဒေါ်တင်မြ (မြင်းပျံမုန့်တိုက်)]၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးလှိုင်သန်းမော်-ဒေါ်နုနုရီ၊ အောင်ပန်းမြို့နေ ဦးအောင်မြင့်သိန်း-ဒေါ်ချိုချိုဦး၊ (ဒေါ်ခင်မြင့်ရီ)၊ ဘန်ကောက်မြို့နေ ဦးဝင်းအောင်-ဒေါ်ဥတ္တိကြန်တို့၏ ဖခင်၊ ဦးရဲမျိုးမောင်-ဒေါ်အိမ့်ဆုမွန်၊ ဒေါ်နှင်းလဲ့အောင်၊ ကိုမိုးပြည်စိုး၊ မနန်းရွှေရည်ဖူး၊ မသီရိအောင်၊ မောင်ခနအောင်တို့၏အဘိုး၊ မောင်သူရပြည့်စုံ၏အဘိုးသည် ၁၁-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂:၅၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၁-၂၀၂၄ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးသင်္ဂဟအပေါင်းတို့အား အသိပေး ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညိုညို(အ.ထ.က.ပြ-ငြိမ်း)

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ (၃)လမ်း၊ အမှတ်(၉၇)နေ (ဦးရွှေ-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးသန်း-ဒေါ်လှသွင်) တို့၏ သမီးချွေးမ၊ (ဒေါက်တာ ရွှေထွဏ်း)၏ ဇနီး၊ (ဒေါ်ခင်ဝင်းတင်)၏ ညီမ၊ ဒေါ်ခင်ကြူကြူ၊ ဒေါ်နုနုရီတို့၏ အစ်မ၊ ဦးမျိုးသန့်-ဒေါ်သက်သက်ဇင်၊ ဒေါက်တာခင်ကျော်ညို-ဒေါ်ခိုင်ခင်ဆင့်တို့၏ အနန္တဂိုဏ်းဝင်မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဘုန်းသစ်အောင်၊ မောင်မြတ်ဘုန်းခန့်တို့၏အဘွား ဒေါ်ခင်ညိုညိုသည် ၉-၁-၂၀၂၄ (အင်္ဂါနေ့) ညနေ ၄:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၁-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူးလျက် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေလိုပါသောကြောင့် ၁၅-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ (၁)လမ်း၊ အမှတ်(၂၉/B)၊ ဒုတိယထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ- ၁၁)၊ ညောင်ရွာရပ်ကွက်၊ သဇင်လမ်းသွယ်၊ မြေကွက်အမှတ်(၂၆၇)၊ (အလျား ၄၀'x အနံ ၆၀') (၂၄၀၀ စတုရန်းပေ)ရှိသော နှစ်(၆၀)ဂရန် အမည်ပေါက်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ယခုရောင်းချသူဖြစ်သော ဒေါ်အေးအေးမူ [၁၂/လသယ(နိုင်)၀၀၆၁၉၃] အမည်ဖြင့်မှတ်သားတည်ရှိပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ပန်ဦး [၁၃/လရန(နိုင်)၁၃၁၄၁၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၀-၁-၂၀၂၄)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၇၇၄)**

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့ နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၇၆၈၃၂၀၄ ၊ ၀၉-၄၅၀၂၇၉၄၆၈**

## ရေချွေတာရေး နည်းလမ်းများ

သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။

သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံ သည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်း ချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံ အတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ် များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်...**

❖ **MSME လုပ်ငန်းများသည် မိမိတို့နိုင်ငံစီးပွားရေး လုပ်ငန်းများတွင် အခြေခံအကျဆုံး လုပ်ငန်းများ ဖြစ်သဖြင့် ကုန်ကြမ်းသေချာသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ဆောင်ရွက်ရမည် ဆိုပါက ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) တွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စတုတ္ထနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် ယှဉ်ပြိုင်ကစားကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

### ယနေ့ ဖတ်စရာ

ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်တတ်မှု Critical Thinking ဆိုရာဝယ်
ဆောင်းပါး စာမျက်နှာ » ၆

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိ
စာမျက်နှာ » ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အနီး ကြက်ရိုးကုန်းရွာကို တပ်မတော်စစ်ကြောင်းတစ်ခု က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရွာကိုအကြောင်းမဲ့ လာရောက်မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်း အမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ
စာမျက်နှာ » ၁၆

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၂

| | | |
|---|---|---|
| ဟားခါး | - ၄ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၂ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၂ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၃ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် |

## အိုဆာဆူနာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး စပိန်စူပါဖလားကို (၁၅)ကြိမ်အထိ ဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ ဘာစီလိုနာ နီးစပ်လာ

ဘာစီလိုနာအသင်းနဲ့ အိုဆာဆူနာအသင်းတို့ ဇန်နဝါရီ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်စူပါဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာကြောင့် စပိန်စူပါဖလားကို (၁၅)ကြိမ်အထိ ရယူဆွတ်ခူးနိုင်မယ့်အခွင့် အရေးတစ်ရပ်နဲ့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ အိုဆာဆူနာအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲ ကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဘာစီလိုနာ အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၉ မိနစ်မှာ လီဝန်ဒိုစကီးရဲ့သွင်းဂိုးနဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ ရရှိခဲ့တဲ့ ယာမယ်ရဲ့သွင်းဂိုးတွေရရှိခဲ့လို့ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻



ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။